


mgyoe.com
mgyoe.com

mgyoe.com

မျက်နှာဖုံးပန်းချီ - တော်တီဆွေ
ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၊
ပထမအကြိမ် - ၂၀၁၀ ပြည့်နှစ်၊ ကြောင်နှစ်ကောင်စာပေတိုက်။
ထုတ်ဝေသူ
ဒေါ်သီတာမြင့်၊ စာစည်းစိမ်စာပေ(၀၂၇၈၅)၊
အမှတ် ၂၁၊ လှော်ရွေးဝင်းလမ်း၊ ၁၄ ရပ်ကွက်၊ လှိုင်မြို့နယ်။
ပုံနှိပ်သူ
ဦးစန်းဦး၊ SKCC Press(၀၀၄၁၃)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။

ရောင်းဈေး - ၂၀၀၀ ကျပ်

mgyoe.com

mgyoe.com



နုဝင်ငယ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)

ညနေလေးနာရီခွဲသည် ရောက်နိုင်ခဲလှသည်ဟု ကောင်းဇော်ထင်သည်။ အမွေးတိုင်ရုံ၏ အတွင်းနံရံတွင်ကပ်ထားသော တရုတ်နိုင်ငံထုတ် တိုင်ကပ်နာရီကြီးထဲမှ တဒတ်ဒတ်နှင့်ရွေ့နေသော စက္ကန့်တံကို နှေးလွန်းသည်ဟု ကောင်းဇော် ထင်သည်။ နာရီထဲက စက္ကန့်တံတွေက တစ်ချက်ရွေ့ဖို့ ဘာကြောင့် ဒီလောက်ကြာနေရတာလဲဟုလည်း ကောင်းဇော် မေးခွန်းထုတ်နေမိသည်။

နေ့လည်ခင်းနေဖြင့် ခြောက်သွေ့သွားပြီဖြစ်သော အမွေးတိုင်ဖန်းများကို တစ်ဖန်းချင်းစီထပ်၍ စုစုဟန်တို့ အမွေးတိုင်ထုပ်သည့် နေရာသို့သွားပို့ရသည်။

ဖန်းတွေ တပွေ့ကြီးနှင့် သူဝင်လာတော့ အေးမာက စုစုဟန်ကို နားနားသို့ကပ်ပြီး တစ်ခုခုပြောလိုက်၏။ ထိုတစ်ခုခုကြောင့် အမွေးတိုင်ထုပ် နေသော ကောင်မလေးရှစ်ယောက်သည် ဝါးခနဲ ပွဲကျသွား၏။

mgyoe.com

mgyoe.com

ကောင်းဇော် စိတ်မဆိုးပါ… ရင်ထဲမှာ ပျော်ပင်သွားသေးသည်။ အေးမာသည် စုစုဟန်ကို သူနှင့်ပတ်သက်၍ တစ်ခုခုစ,လိုက်ခြင်းသာ ဖြစ်ရမည်။ သူ စုစုဟန်ကို ကြိုက်နေ၊ ချစ်နေသည်ဆိုတာကို စိန်သုံးလုံး အဖွဲ့တိုင်ရုံတစ်ရုံလုံးသိသည်။ စုစုဟန်ကလည်း သူ့ကို လက်ခံမည်ဆိုတာ က သိသာနေသည်။ မိန်းကလေးမို့ ညှင်းလို့ရတုန်းညှင်းပြီး အချိန်ဆွဲနေတာ သာရှိသည်။

'ကောင်း… နင်သိပ်မချုန့်ဟ၊ လေးနာရီကခွဲတော့မှာ တော်ကြာ ဇန်းတွေ ကျန်နေရင် ငါတို့အလုပ်မပြီးဘူး ဖြစ်နေလိမ့်မယ်'

စုဟန်က သူ့ကို မျက်စောင်းတစ်ချက်ထိုးရင်း ပြောသည်။ ကောင်းဇော် ရင်တွေဘာတွေ ခုန်သွား၏။ ဟုတ်သည်… တော်တော်ကြာ တရုတ်သူဌေးမ က အလုပ်ကလေးမပြီးဘူးဟု ဆိုကာ ပြီးသည်အထိ ဆက်ထုပ်ခိုင်းနေလျှင် ဒုက္ခများမည်။

ဒီလောက်ကလေးမှ နားမလည်ရကောင်းလားဆိုပြီး သူ့ကိုယ်သူ ကောင်းဇော် ဒေါက်နှိသွား၏။ လေးနာရီခွဲချင်တာတော့ပြာလို့ အလုပ်ကြ တော့ ထပ်ချပေးနေတာ ငါ့လောက်မိုက်တဲ့သူ မရှိပါကလား!။

'နှစ်ဇန်းတော့ယူထားလိုက်ဟာ နင်တို့ရှစ်ယောက်က နှစ်ဇန်းဆို ငါးမိနစ် ပါပဲ'

'ဘယ်ရမလဲ! စုဟန် နှစ်ဇန်းဆို နာရီဝက်ပဲနော်'

ထွေးထွေးစကားကြောင့် စုဟန်က မျက်နှာကို မဲ့လိုက်သည်။

'သူက သူ့တရုတ်သူဌေးမကို ငါတို့ထက်ပိုချစ်တယ်လေဟာ'

'ချစ်မှာပေါ့ဟဲ့၊ ဟိုက သူ့ကို သား… သားလို့ခေါ်တာကိုး၊ နင်လည်း အဲဒီလိုခေါ်ကြည့်ပါလား စုဟန်!'

မိသိန်း စကားကြောင့် သူ့ကို ဝိုင်းရယ်ကြပြန်သည်။ စုဟန်ကတော့ ရယ်လည်းလိုက်မရယ်၊ သူ့ကိုလည်းမကြည့် အဖွဲ့တိုင်တွေကိုသာ အိတ်ဆီ သို့ ကျွမ်းကျင်စွာထည့်နေပြီး မျက်နှာထားကို တည်၍ထားသည်။ ဒီအချိန်

mgyoe.com

mgyoe.com


မှာ သူသည် အရေးအပါဆုံးနှင့် အရေးကြီးဆုံးဆိုတာကို စုဟန်ကသိပြီး ဣန္ဒြေကို မရ၊ရအောင် လုပ်ယူထားသည်။

'စိတ်မဆိုးပါနဲ့ဟာ၊ ငါက အလုပ်ပြီးစေချင်တဲ့သဘောနဲ့ပါ'

'အမလေး နင်ဗန်းထပ်ချလည်း ထောင့်နှစ်ရာပဲ၊ မချလည်း အဲဒီလောက်ပဲ အပိုတွေပြောမနေနဲ့'

'တစ်ဗန်းတော့ ယူထားလိုက်ဟာ၊ နော်'

'ထားခဲ့ ထားခဲ့'

စုဟန်က စိတ်တိုသလို လေသံကလေးဖြင့်ဆိုသည်။ စုဟန်၏ လက်ချောင်းကလေးများသည် အမွေးတိုင်များကို ကျင်လည်စွာစီပြီး အိတ်ထဲသို့ 'ဆတ်'ခနဲ 'ဆတ်'ခနဲ ထည့်လိုက်သည်မှာ တစ်ရုံလုံးမှာရှိသည့် အမွေးတိုင်ထည့်သူများထဲတွင် ကြည့်အကောင်းဆုံးဟု ကောင်းဇော်ထင်သည်။

စုဟန်သည် အလုပ်ကို ဇောနှင့် စိတ်ပါလက်ပါလုပ်ပြီဟော့ဆိုလျှင် တစ်နေ့ကို ဗန်းတစ်ရာလောက်တော့ အသာကလေးပြီးသည်။ တစ်ဗန်းကို ဆယ့်ငါးကျပ်ရသဖြင့် တစ်ထောင့်ငါးရာကတော့ ပြေးမလွတ်တတ်ပါ။

'စုဟန်... ငါ အုတ်ခုံကပဲစောင့်မယ်နော်'

စုဟန်က ဘာမှမပြောဘဲ ကောင်းဇော်ကို မျက်စောင်းထိုးပြီး မျက်လွှာချရင်း အမွေးတိုင်တွေကို လှမ်းယူလိုက်သည်။

ကောင်းဇော်နှင့် စုဟန်သည် တစ်ရပ်ကွက်ထဲတွင် နေသူများဖြစ်သော်လည်း စုဟန်တို့အိမ်က ရပ်ကွက်အစွန်ဖြစ်သော ညောင်ပင်လမ်းတွင်နေသည်။ ထိုလမ်းကို ညောင်ပင်လမ်းဟု ခေါ်ခြင်းမှာ ထိုလမ်းထဲတွင် အလွန်ကြီးမားသော ညောင်ပင်ကြီးရှိသောကြောင့်ဖြစ်သည်။

ကောင်းဇော်ကတော့ ရပ်ကွက်အလယ်က နီလာလမ်းမှာနေသည်။ ကောင်းဇော်ရော စုစုဟန်ရော မိသားစုမှာ ဆင်းရဲသည်ဟု ပြတ်ပြတ်သားသား ပြောလို့ရသည်။ တစ်နေ့လုပ်တစ်နေ့စား၊ အိမ်ရှိလူကုန် အလုပ်လုပ်ရသည်။

ကောင်းဇော်က ၁၀ တန်းအထိ ပညာသင်ရပြီး ဆယ်တန်းကျတော့

mgyoe.com

mgyoe.com

ကျောင်းထွက်လိုက်ရ၏။ စုစုဟာန်ကတော့ ရှစ်တန်းနှင့်ပင် ထွက်လိုက်ရသည်။

ဘ၀ဆင်းရဲသော်လည်း သူတို့တွင် လှပသောနှလုံးသားများတော့ ရှိကြပါသည်။ မနက် အမွေးတိုင်ရုံသို့အလာတွင် ကောင်းဇော်က နီလာလမ်း ထိပ်တွင် စုစုဟာန်တို့ကို စောင့်လေ့ရှိပြီး၊ အပြန်တွင်တော့ စုစုဟာန်အိမ်ရှိရာ ညောင်ပင်လမ်းထိပ်အထိ လိုက်ပို့တတ်သည်။

အခု အပြန်အတူပြန်ကြရန် ကောင်းဇော်က ချိန်းခြင်းဖြစ်သည်။ ကောင်းဇော်က အမွေးတိုင်ဆေးစပ်ဆရာကို ကူညီသူ၊ အလုပ်မှာလိုအပ်တာကို ဝင်လုပ်သူ၊ အမွေးတိုင်အတွက် လိုအပ်သော ဝါးဒုတ်၊ ဆေး၊ အရောင်မှုန့် စသည်တို့ကို ဝယ်ရသူ၊ ခြောက်သွားသော အမွေးတိုင်ဗန်းများကို အိတ်ထည့် သူတွေထံ ပို့ပေးရသူ… စသည်ဖြင့် သူဌေး၏လူယုံလည်းဖြစ်၊ အလုပ်သမား များ၏ အုပ်ချုပ်သူလည်းဖြစ်သည်။

စိန်သုံးလုံးအမွေးတိုင်ရုံတွင် ကောင်းဇော်ပြီးလျှင်… ပြီးသော ကိစ္စတွေ အများကြီးရှိသည်။ ထို့ကြောင့် တက်လမ်းအများကြီးရှိသော ကောင်းဇော်၏ အချစ်ကို စုစုဟာန် မငြင်းနိုင်ခြင်းဖြစ်သည်။ သို့သော်… အဖြေတော့ မပေး ရသေး။

လမ်းထိပ်အုတ်ခုံတွင် ကောင်းဇော် ဆယ်မိနစ်လောက်တော့ စောင့်လိုက် ရသည်။ ထို ဆယ်မိနစ်ကို ကောင်းဇော်က ဆယ်ဘ၀ဟု ထင်ချင်သည်။

ကောင်းဇော်ကိုတွေ့သည်နှင့် စုစုဟာန်က တည်သွားပြီး ထွေးထွေးတို့ အေးမာတို့က အချင်းချင်းပူးကပ်သွားကာ တစ်ခုခုပြောပြီး ရယ်လိုက်ကြ သည်။ ပြီးတော့ သူတို့လေးယောက်က တစ်အုပ်စုနှင့် စုစုဟာန်က အနည်းငယ် ခွာပေးထားသည်။

ကောင်းဇော်က စုဟာန်နံဘေးသို့ကပ်ပြီး အတူလျှောက်လာခဲ့ကြသည်။

'ပြောစရာရှိတယ်ဆို… '

စုဟာန်က ကောင်းဇော်ကို မကြည့်ဘဲ မေးသည်။

ကောင်းဇော်ကတော့ သနပ်ခါးကလေးတွေပြေကာစ ပြည့်အိနေသော

mgyoe.com

.com

စုဟန်၏ ပါးကလေးကို ငေးမိသည်။ ရည်းစားတွေဖြစ်တော့မှ ဒီပါးကလေးကို နမ်းလည်းနမ်းမည်၊ ဆွဲလည်းလိမ်မည်ဟု စိတ်ကူးလိုက်သည်။ အခုတော့ နေနှင့်ဦးပေါ့။

'မေးနေတယ်လေ... '

အခုမှ စုဟန်က သူ့ကို နံဘေးကငဲ့ငေးကြည့်နေသော ကောင်းဇော်ကို ကြည့်ရင်း လေသံတင်းတင်းနဲ့မေးသည်။

'နင်ကလည်းဟာ ဒေါသချည်းပဲ၊ ငါက နင့်အတွက် ကြိုးစားထားရတာလေးကိုတောင်မှ မထောက်ဘူး'

'ဘာကြိုးစားထားလို့လဲ!'

'နင် ရှေ့အပတ်ကစပြီး အမွေးတိုင်မထုပ်နဲ့တော့'

'ဘာ...!! နင် ဘာတွေလာပြောနေတာလဲ ကောင်းဇော်'

'ကောင်းက အကောင်းပဲပြောတာ၊ နင့်အတွက် ငါ သူဌေးကိုပြောပြီးပြီ၊ အမွေးတိုင်လိုက်ပို့တဲ့ဘက်မှာ နင့်ကိုထားဖို့၊ Marketing ခေါ်တာပေါ့ဟာ'

'ဘိုလိုတွေလာမှုတ်မနေနဲ့ အဲဒါ ဘာလုပ်ရတာလဲပဲပြော'

'ပါကင်ထုပ်ပြီးသွားတဲ့ အမွေးတိုင်ထုပ်တွေကို ကားပေါ်တင်ပြီး ငါတို့ပို့နေကျဆိုင်တွေကို လိုက်ပို့ရမယ်၊ ဘယ်ဆိုင်ကို ဘယ်နှစ်ထုပ်ချတယ်၊ ငွေဘယ်လောက်ပေးတယ်၊ ဘယ်လောက်ကျန်တယ်ဆိုတာကို နင်က စာအုပ်နဲ့မှတ်ရမယ်'

'ငါမှ အဲဒီဆိုင်တွေကို မသိတာ'

'နင်သိဖို့မလိုဘူး၊ ကားဆရာသိတယ်၊ ငါလည်းသိတယ် ပြီးတော့ နင့်လက်ထဲမှာ ဆိုင်တွေရဲ့လိပ်စာနဲ့ အရင်အပတ်တွေက ချထားတဲ့အမွေးတိုင်စာရင်းတွေရှိမယ်၊ ငါတစ်ယောက်လုံး ပါနေမှာပဲဟာ'

'ဩော်... နင်က ဒီလိုအကြံနဲ့ ငါ့ကို အဲဒီနေရာကို ပို့တာပေါ့လေ'

'စုဟန်... နင် ငါ့စေတနာကို မစော်ကားနဲ့၊ နင် ဒီလိုအမွေးတိုင်ထုပ်

.com

mgyoe.com

နေရတာကို ငါမကြည့်ရက်လို့ အန်တီကျူးကို မနည်းပြောထားပေးရတာ၊ ငါလိုက်မယ်ဆိုတာက နင် မကျွမ်းကျင်ခင် လေးငါးခေါက်ပဲလိုက်ပေးနိုင်မှာ'

ကောင်းဇော်၏ ခပ်ဆတ်ဆတ်စကားသံကြောင့် စုစုဟန် သူပြောတာများမှန်းသိသွားသည်။ ကောင်းဇော်သည် ဒေါသမျက်နှာဖြင့် ခေါင်းကိုငုံ့ပြီး လမ်းကိုသာ ဖိလျှောက်နေသည်။

'နင်ကလည်းဟယ် စိတ်ချည်းပဲ၊ ငါက မသိလို့ပြောမိတာပါ၊ သူက လခနဲ့လားဟင်!'

'ဟုတ်တယ်... '

'ဘယ်လောက်ရမှာလဲဟင်!'

'ခုနှစ်သောင်းခွဲ... '

'ဟယ်... တကယ်...!၊ ကောင်းဇော် နင်တကယ်ပြောတာနော်... ကောင်းဇော်!'

စုစုဟန်၏ ဝမ်းသာအားရလေသံနှင့် အမူအရာမှာ ထိန်းမရအောင် ပေါ်လွင်နေသည်။ အတူလမ်းတွဲလျှောက်ကြရင်း စုဟန်က ကောင်းဇော်၏ ပခုံးကိုဆွဲလှုပ်ရင်း မေးသည်။ ကောင်းဇော်မှာ ဒေါသတွေမရှိတော့၊ အပျော်ပဲရှိတော့သည်။

'တကယ်ပေါ့ဟ၊ ဒါတောင်မှ အကြံအဖန်ဝင်က ရှိသေးတယ်၊ အဲဒါကိုတော့ ငါ နောက်မှသင်ပေးမယ်'

'ငါ ဝမ်းသာလိုက်တာ ကောင်းဇော်ရယ်၊ ခုနှစ်သောင်းခွဲဆိုရင်... ငါတို့အိမ်လည်း တော်တော်ချောင်လည်သွားမှာ... ငါလည်း ဝယ်ချင်တာလေးတွေ ဝယ်လို့ရမှာ...၊ ဒါပေမယ့်... '

'ဒါပေမယ့် ဘာဖြစ်လဲ!'

'ငါတစ်ယောက်တည်းတော့ မလုပ်ချင်ဘူးဟာ၊ ငါတို့အဖွဲ့ထဲက တစ်ယောက်ယောက်ကိုပါ နင်ပြောပေး'

mgyoe.com

mmyoe.com

စုစုဟာန်စကားဆုံးတော့ ကောင်းဇော်က နောက်ကို တစ်ချက်လှမ်းကြည့်သည်။ သူငယ်ချင်းအဖွဲ့က တော်တော်ဝေးဝေးမှာ ရှိနေပါသည်။

'နင် နောက်ထပ်တစ်ယောက်ယောက်ကို ထည့်ဆိုရင် ငါ လုပ်ပေးမယ့် အကြံအဖန်ဥင်က ပျက်ပြီ'

'နင်ပြောတဲ့ အကြံအဖန်ဥင်က ဘယ်လိုလဲ!'

'နင်လိုက်ပို့ရမယ့် အမွေးတိုင်ထုပ်တွေကို ငါကထည့်ပေးရမှာ၊ နင့်ကို ပါကင်ထောင့်နှစ်ရာ တင်ပေးလိုက်ပြီး၊ ငါက စာရင်းမှာ တစ်ထောင်ပဲပြမှာ ပေါ့'

'ဟင်...!! ဒါဆို ကားဆရာက ဘယ်လိုလုပ်မလဲ!'

'ကားဆရာက ကားပေါ်မှာပဲနေခဲ့တာ၊ ပစ္စည်းချတာ ငွေရှင်းတာ အားလုံးက နင်ပဲလုပ်ရမှာ၊ တစ်ပတ်ကို ၂-ကြိမ် ပစ္စည်းချ၊ ငွေသိမ်းလုပ်ရတယ်၊ တစ်ပတ်ကို ပါကင်နှစ်ရာဆို တစ်လကို နင် တစ်သိန်းခွဲလောက် ဥင်ရှိတယ်... ကဲ!'

'ကောင်းဇော်ရယ်...'

စုစုဟာန်က ကောင်းဇော်၏လက်ကို 'ဖျပ်'ခနဲ လှမ်းဆုပ်ကိုင်လိုက်သည်။ သူ့ကိုကြည့်ရသည်မှာ ဝမ်းလည်းသာနေသည်၊ စိတ်လည်းလှုပ်ရှားနေသည်။ သူ ဘာလုပ်လို့လုပ်ရမှန်းပင် မသိတော့သလို ဖြစ်သွားပုံရ၏။

ကောင်းဇော်က သူ့လက်ကလေးကို ပြန်လည်ဖိညှစ်ဆုပ်ကိုင်တော့မှ... စုစုဟာန်သည် သတိပြန်ဝင်လာပြီး သူ့လက်ကလေးကို အတင်းရုန်းသည်။ ပြီးတော့ နှစ်ယောက်စလုံး ရင်တွေခုန်ပြီး လမ်းလျှောက်နေမိကြသည်။ နောက်မှ လေးယောက်အုပ်စုထံမှ အသံသေးအသံကြောင်ဖြင့် ဝိုင်းစကြသံတွေကို ကြားရသည်။

စုစုဟာန်က ရှက်၍ရယ်ပြီး နောက်မှအုပ်စုကို စောင့်သည်။

'မြင်တယ်နော့် xxx မြင်တယ်နော့် xxx တို့မြင်တယ်နော့်'

လေးယောက်စလုံးက သီချင်းဆိုပြီး စကြသည်။ ကောင်းဇော် ခေါင်းကို

mmyoe.com

myoe.com

သာ ကုတ်နေမိသည်။ လိုက်ပြီးရယ်ရမှာလား! ခပ်တည်တည်ပဲ ဆက်နေရမှာလား! မဝေခွဲတတ်ဖြစ်နေသည်။

သူငယ်ချင်း လေးယောက်အလယ်သို့ စုစုဟန်ရောက်သွားသည်။ စုဟန်ပုံစံကြည့်ရတာ ဘာမှမဖြစ်သလိုဖြစ်နေသည်။ ဒီနေရာမျိုးကျတော့ ယောက်ျားလေးနှင့် မိန်းကလေး ကွဲခြွေချင်းကွာသည်။

'ကောင်းဇော်...!'

စုစုဟန်က ခေါ်သည်။ ကောင်းဇော် ပြန်မထူးနိုင်၊ မျက်လုံးအပြူးသားနှင့် ငေးနေ၏။

'ကောင်းဇော်...ငါ ကုလားတွေ လက်ဆွဲခြင်းနဲ့ရောင်းတဲ့ ဗယာကြော်သေးသေးကလေးတွေကို ထမင်းနဲ့စားချင်တယ်ဟာ...နင် ငါ့ကို ဝယ်ပေးပါလား...!'

ဘာမှမဆိုင်သည့်ကိစ္စမို့ ကောင်းဇော် ကြောင်နေသည်။

အမှန်တော့ စုစုဟန်က ကောင်းဇော်ကို ပ,ထုတ်ခြင်းဖြစ်ပြီး၊ သူတကယ်စားချင်သော အစားအစာကိုလည်း ပြောခြင်းဖြစ်ပါသည်။ ဒီအချိန်အိမ်ပြန်ရောက်လျှင် သူ့အတွက် ဘာဟင်းမှ ရှိမှာမဟုတ်ဆိုတာကို သူသိသည်။

'အရင်တုန်းကတော့ ကျောက်စိမ်းလမ်းထိပ်မှာ ရှိတယ်ဟ'

ကောင်းဇော် စိတ်ကို ပုံမှန်ထားပြီး စကားပြန်ပြောလာနိုင်သည်။

'ကဖူးကွေ့ဘက်ကို ပြောင်းသွားတာတဲ့၊ ငါ့ကို ဝယ်ပေးပါလားကောင်းဇော်ရယ်... နော်၊ အိမ်မှာ ဟင်းမရှိဘူးဟ'

'ဝယ်ပေးလိုက်၊ ဝယ်ပေးလိုက် အခုပဲ အဖြေကရထားတာ၊ တော်ကြာ ဗယာကြော်မရလို့ မသာပေါ်ဟ ဖြစ်သွားဦးမယ်နော်'

အေးမာပြောသောစကားကို အားလုံးက ဝိုင်းရယ်ကြသည်။

'ဒါဆို ငါသွားဝယ်ပေးမယ်လေ...နင် ဘယ်ကစောင့်မှာလဲ!'

'ဘယ်ကမှမစောင့်ဘူး၊ ငါက အိမ်ကိုပြန်မှာ နင် ဗယာကြော်ဝယ်ပြီး

myoe.com

mgyoe.com

ရင်... ညောင်ပင်ကြီးအောက်ကို လာခဲ့လေ... ငါ လာယူမယ်၊ အဲဒီတော့မှ တွေ့ကြတာပေါ့'

'ဟော... အခုကတည်းက စ,ချိန်းနေပြီ တွေ့လား!'

ဘာမှမဟုတ်သည့် စကားကို အားလုံးက ဝိုင်းရယ်ကြပြန်သည်။

'ငါတို့ကတော့ ဗယာကြော်နဲ့မရဘူးနော် ကောင်းဇော် မနက်ဖြန် ဒေါ်နန်း မုန့်ဟင်းခါး ဝယ်ကျွေးရမယ် ဒါပဲ'

'ဟုတ်တယ်... ကျွေးရမယ်'

'မကျွေးရင်လည်းနေလေ ငါတို့က သမီးရည်းစားအဖြစ် အသိအမှတ် မပြုဘူးပေါ့'

ကောင်းဇော် ခေါင်းမယားဘဲ ခေါင်းကို ကုတ်ရင်းက...

'ကျွေးပါ့မယ်ဟာ... ကျွေးပါ့မယ် စိတ်ချ၊ ကဲ စုဟန် ငါ ဗယာကြော် တွေသွားဝယ်လိုက်ဦးမယ်၊ ညောင်ပင်အောက်နော်... နင်ကိုယ်တိုင်လာခဲ့၊ ပြောစရာကျန်သေးတယ်'

'အေးပါ... လာပါ့မယ်ဆို...'

♦

mgyoe.com

mgyoe.com


စုဟန်တို့နှင့် ခွဲထွက်လာပြီး ကောင်းဇော် စိတ်ကူးယဉ်နေမိသွားသည်က သူနှင့် စုဟန်သည် ချစ်သူတွေဖြစ်သွားပြီဆိုတာကို ကျန်သည့်လူတွေ မသိအောင်နေမည်။ ပြီးတော့ နှစ်ယောက်ပေါင်း ဂွင်ရိုက် ပိုက်ဆံစုပြီး ဆယ်သိန်းလောက်ရလျှင် လက်ထပ်ကြမည်… စသည်ဖြင့်ဖြစ်သည်။

စုဟန်ကလည်း သူငယ်ချင်းတွေနှင့် လမ်းခွဲပြီး တစ်ယောက်တည်းကျမှ စိတ်ကူးယဉ်မိတာက ကောင်းဇော်နှင့် ဂွင်ပေါင်းရိုက်၍ ငွေစုပြီးလျှင် သူမအတွက် ငါးမူးသားဆွဲကြိုးကလေးတစ်ကုံး ဝယ်မည်။ ပြီးတော့ ယခုနေသည့် တဲအိမ်ကို သစ်သားအိမ်ကလေး ပြန်ဆောက်မည်… စသည်… စသည်တို့ဖြစ်သည်။

ထိုစဉ် စုစုဟန် နံဘေးသို့ PARADO ကားတစ်စင်း ကပ်ပြီးထိုးရပ်သည်။ ကြည့်လိုက်တော့ ကျော်စွာဦး။

ကျော်စွာဦးဆိုသူက သူတို့ အလုပ်ရှင်၏အကြီးဆုံးသား အသက်က ၃၉-နှစ်လောက်ရှိမည်။ မိန်းမနှင့် ကလေးနှစ်ယောက်ရှိ၏။ နည်းနည်းဖွေသည်ဟု သတင်းကြီးသည်။

mgyoe.com

mgyee.com

'ဟဲ့ ကောင်မလေး... နင် အိမ်ပြန်မလို့လား!'

'ဟုတ်... ဟုတ်ကဲ့ ဆရာ...'

'ဒါဆို ကားပေါ်တက်... လိုက်ပို့ပေးမယ်'

'ရပါတယ်ဆရာ ရှေ့သုံးလမ်းကျော်ရင် ရောက်ပြီပဲဟာ၊ ကျွန်မဘာသာပဲ သွားပါရစေ...'

'ကဲ...တက်ဆိုတက်စမ်းပါဟာ၊ အနောက်ဘက်က တံခါးကိုဖွင့်လိုက်'

အလုပ်ရှင်ဆိုတော့ ကြောက်ရတာလည်းပါသည်။ လူမှုရေးအရ အားနာရတာလည်းပါသဖြင့် အနောက်ဘက်တံခါးကို မဖွင့်တတ်ဖွင့်တတ်နှင့် သုံးလေးကြိမ်ဖွင့်ပြီး ကားပေါ်တက်ခဲ့သည်။

နောက်ခန်းပေါ်ထိုင်လိုက်တော့ သူ့နံဘေးမှာ ထောင်တန်အုပ်လိုက်ကို ကြွပ်ကြွပ်အိတ်နှင့် ထည့်ထားတာကို တွေ့ရသည်။ ထို့ကြောင့် ထိုင်သည့်နေရာကို ငွေထုပ်နှင့်ဝေးရာသို့ ရွှေ့လိုက်ရသည်။

ကျော်စွာဦးကလည်း နောက်ကြည့်မှန်ကို စုစုဟန်မျက်နှာကို မြင်ရအောင် ရွှေ့လိုက်၏။

ကောင်မလေးက လုံးကြီးပေါက်လှကလေး၊ ငွေမရှိသဖြင့် မဆင်နိုင် မပြင်နိုင်၍သာ အလှက ပုန်းနေခြင်းဖြစ်သည်။ အလှဆုံးက မျက်ဝန်း၊ မျက်ခုံးနှင့် သွားကလေးတွေနှင့် နှုတ်ခမ်း ကိုယ်လုံးကိုယ်ပေါက်က အပြစ်ပြောစရာမရှိ။ ပြင်လိုက်ဆင်လိုက်လျှင် သူ့မိန်းမ ကျင်စွိထက် အဆတစ်သန်းလောက်သာမည်။ အနည်းအကျဉ်းထောက်ပံ့ ဆင်ရင်ပေးပြီး ထိန်းထားလျှင် ရနိုင်လောက်သည်ဟု သူ ထင်သည်။

မစီးဘူးသည့် ကားပေါ်ရောက်တော့ ရင်တုန်၊ ရင်ခုန်နေရသည်နှင့် ပတ်ဝန်းကျင်ကို သတိမထားမိဖြစ်သွားသည်။ သတိရ၍ ကြည့်လိုက်တော့ သူတို့အိမ်ရှိရာ လမ်းမဟုတ်။

'ဆရာ...အခုသွားနေတာ ကျွန်မတို့အိမ်ဘက် လမ်းမဟုတ်ဘူး ဆရာ လမ်းက လွဲနေပြီ'

mgyee.com

mgyoe.com

'အေးပါ…ဆရာ…ရှေ့လမ်းဆုံကဆိုင်ကို ပိုက်ဆံပေးစရာရှိလို့ ပေးပြီးတော့မှ မင်းအိမ်ကို လိုက်ပို့ပေးမယ်လေ'

'ဆရာ ကိစ္စရှိရင် သမီးဘာသာပဲပြန်တော့မယ် ဆရာ၊ ကားရပ်ပေးပါ၊ သမီး ထမင်းလည်းမစားရသေးလို့'

'ကိစ္စက ပိုက်ဆံပေးရုံပါပဲ၊ မင်း ထမင်းမစားရသေးဘူးလား!'

'ဟုတ်ကဲ့… ဆရာ'

♦

စုစုဟန် ကားပေါ်ကဆင်းလိုက်တော့ လက်ထဲမှာ ဖော့ဘူးတွေ ကြွပ်ကြွပ်အိတ် သုံးလေးအိတ်နှင့်ဖြစ်သည်။

ဘဲကင်တစ်ကောင်၊ တောက်တောက်ကြော်၊ ကြက်ကုန်းဘောင်ကြီး၊ ကြက်သားလုံးချိုချဉ်၊ အစိမ်းကြော်။

စုစုဟန် အမေနှင့်မောင်လေးတွေ အရမ်းပျော်သွားကြလေသည်။ ထိုအချိန်တွင် ကောင်းကင်မှာ မိုးသားရိပ်တွေ မဲတက်လာသည်။

♦

ကပူးကွေ့ကိုရောက်တော့ ကောင်းဇော် တော်တော်စိတ်ညစ်သွားသည်။ လက်ဆွဲခြင်း ဗယာကြော်ကုလားမ မရှိတော့၊ အနားက ကွမ်းယာဆိုင်ကိုမေးတော့ BOCဘက်ထွက်သွားသည်ဆိုသဖြင့် ထပ်လိုက်ရပြန်သည်။ လက်ဆည်ကန်ကြီးနားကိုရောက်တော့မှ ကုလားဘုရားကျောင်းရှေ့တွင် ရောင်းနေသော ကိုရွှေအာမက်ကို တွေ့ရသည်။

'ခင်ဗျားကလည်းဗျာ…ဘယ်တွေ လျှောက်ရောင်းနေတာလဲ! ရှာလိုက်ရတာ၊ ရောင်းနေကျနေရာမှာပဲ ရောင်းစမ်းပါဗျာ'

'အား… အားကို… အဲဒီနေရာနော် ဈေးကွက်ပျက်သွားပြီ အားကို… ကျွန်တော် ရောင်းတယ်နော်… ဝယ်စားတဲ့လူ ရှားသွားတယ်၊ လူတွေနော် ကိုရီးယားကားကြည့်ပြီး ကိုရီးယားကင်ပဲစားတယ်၊ အာမက်နော် ဆက်ရောင်းရင် ဒါ… ခက်သွားမယ်'

mgyoe.com

mgyoe.com


အာမက်က လက်ဝါးတစ်ဖက်ကို ဖြန့်ပြီး တစ်ဖက်ကိုစု၍ ထမင်းစားဟန်လုပ်ပြသဖြင့် ကောင်းဇော် ပြုံးရသေးသည်။

'ဘယ်လောက်ဖိုးထည့်မလဲ အားကို'

'တစ်ရာငါးဆယ်ဖိုး... ကြော်ပြီးသားတွေ မထည့်နဲ့ကွာ၊ မင်း ဒယ်အိုးထဲကကျမှထည့် ပူပူလေးစားစေချင်လို့'

'စားစေချင်လို့ဆိုတော့ ဘယ်သူ့အတွက်လဲ အားကို'

'ငါ့ချစ်သူအတွက်ကွ'

'အား... ကောင်းတယ် အားကို ရှယ်လုပ်ပေးလိုက်မယ်'

အခုမှရသော ရည်းစားပူပူနွေးနွေးကို ကြွားစရာလူမရှိသဖြင့် ဗယာကြော်ကုလားကို ကြွားရသည့်အဖြစ်ကိုတွေးပြီး ကောင်းဇော် ပြုံးမိပြန်သည်။ ထိုအချိန်တွင် ကောင်းကင်မှာ မိုးသားမဲမဲတွေနှင့် မှောင်၍နေလေသည်ကို ကောင်းဇော် သတိမထားမိ။ သူ သတိထားနေသည်က လက်ဆွဲသံခြင်းကလေးထဲက တဖျစ်ဖျစ်မြည်နေသော ဗယာကြော်ကလေးများသာဖြစ်သည်။

♦

mgyoe.com

mgyoe.com


စုစုဟန်၊ သူမအမေနှင့် မောင်ကလေးနှစ်ယောက်၊ နှမကလေး တစ်ယောက် စုစုပေါင်း ငါးယောက် ကျော်စွာဦး ဝယ်ပေးလိုက်သည့်ဟင်းများဖြင့် ထမင်းကို အားရပါးရစားနေချိန်မှာ မိုးကလည်း အငြိုးတကြီးရွာလေသည်။

စုစုဟန်တို့ လမ်းထဲက ညောင်ပင်ကြီးအောက်မှာ ဗယာကြော်ထုပ်ကလေးကိုကိုင်ရင်း ကောင်းဇော် စောင့်၍နေသည်။ သူ့မှာ ထီးမပါ။ ညောင်ပင်ကြီးသည် ပထမ ခပ်ဖွာဖွာမိုးကို လုံခြုံအောင်ကူညီနိုင်သော်လည်း မိုးက ကြမ်းချင်တိုင်းကြမ်းပြီး ရမ်းချင်တိုင်းရမ်းသောအခါ မကူညီနိုင်တော့...။ မိုးရေစက်တွေကလည်း အညှာတာကင်းမဲ့စွာ ကောင်းဇော်ပေါ်သို့ အားနှင့် ခုန်ဆင်းလာကြသည်။

ကောင်းဇော်သည် ဗယာကြော်ထုပ်ကလေးထဲကို ရေမဝင်အောင် လက်ဖြင့် သေသေချာချာအုပ်ထားသည်။ သူ မိုးခိုစရာ နေရာမရှိပါ၊ ညောင်ပင်ကြီး၏ တစ်ဖက်မှာက ပိတ်ထားတာကြာပြီဖြစ်သော ချည်မျှင်နှင့် အထည်စက်ရုံကြီးသာရှိသည်။

mgyoe.com

mgyoe.com


စုစုဟန် ထွက်ကိုလာလိမ့်မည်ဟု သူ ယုံသည်။

ကောင်းဇော်သည် အမွှေးတိုင်ဆေးမှုန့်များကို နေ့စဉ်စပ်ရသူဖြစ်သဖြင့် ထိုဆေးမှုန့်များ နှာခေါင်းအတွင်းသို့ မဝင်စေရန်၊ ပါးစပ်အတွင်းသို့ မဝင်စေရန် Mask(မျက်နှာဖုံးစွပ်) မရှိသဖြင့် သူ့အဆုတ်က နေ့စဉ် ထိုအမှုန့်များဝင်နေသဖြင့် သိပ်မကောင်းလှ၊ အခု တစ်ကိုယ်လုံးစိုရွှဲနေတာ လေးဆယ့်ငါးမိနစ်ခန့်ရှိပြီ၊ ကောင်းဇော် တစ်ကိုယ်လုံးတုန်ယင်နေပြီ၊ သို့သော်... ကောင်းဇော်ဖွဲ့မလျှော့ ဒီနေ့မှ ချစ်သူဖြစ်ရသူ သူ့ချစ်သူသည် ဇယာကြော်ကို လာကိုယူလိမ့်မည်။

'ညောင်ပင်စောင့်နတ်ကြီးရယ် မိုးကိုတိတ်ပေးပါ'

တုန်ယင်နေသောအသံနှင့် အားကိုးရာမဲ့နေသဖြင့် ရင်ထဲက လှိုက်လှိုက်လှဲလှဲ ဆုတောင်းမိသည်။ လျှပ်စီးက 'ဖြန်း'ခနဲ လက်သည်။ မိုးကြိုးက 'ဝုန်း'ခနဲ ပစ်သည်။ ကောင်းဇော် လက်အုပ်ကိုချီပြီး ဆုတောင်းသည်။

ထမင်းကို အားပါးတရ အဝစားပြီးသွားတော့ မိုးကလေးကအေးအေးဇိုက်ကလေးလေးဖြင့် စုစုဟန် ကွေးချင်ပြီ။

ဒီမိုး ဒီလေနှင့်ဆိုလျှင် ကောင်းဇော် မလာတော့ဟု သူ ထင်သည်။ ဆရာကျော်စွာဦးကားနှင့် ဝင်လာတုန်းက ညောင်ပင်အောက်မှာ ဘယ်သူမှ မရှိ။ သူမက ဆရာကျော်စွာဦးကားနှင့် တာမွေအထိပါသွားသည်။ ပြီးတော့ ဆိုင်မှာ စားစရာတွေဝယ်တာ နာရီဝက်လောက်ကြာသည်။

ကဖူးကွေ့မှာ သွားဝယ်ပြီး ညောင်ပင်အောက်ကစောင့်မည်ဆိုလျှင် ကောင်းဇော် ညောင်ပင်အောက်မှာ ရှိသင့်နေပြီ။ ထိုစဉ်က မိုးလည်းမရွာသေး၊ အခုလို ဝုန်းဒိုင်းကျဲနေသော မိုးနှင့်ဆိုလျှင် ကောင်းဇော် လာစရာမရှိတော့၊ နောက်နေ့မှ စိတ်ကောက်ပစ်လိုက်ဦးမည်ဟု စဉ်းစားရင်း စောင်ကိုခြုံပြီး ကွေးပစ်လိုက်သည်။

မိုးသည် မစဲပဲ ပို၍သဲလာသည်။

ကောင်းဇော်ရင်ထဲက စူးကနဲအောင့်တက်လာသည်။

mgyoe.com

mgyoe.com


ကောင်းကင်တစ်ခုလုံး လင်းထွက်သွားအောင် လျှပ်စီးလက်သည်။
ကောင်းဇော် ညောင်မြစ်ပေါ်လဲကျသွား၏။
ဗယာကြော်ထုပ်ကလေးကိုတော့ လက်ထဲမှာ ဆုပ်ကိုင်ထားလျက်...။

◆

mgyoe.com

mgyoe.com


နံနက် အိပ်ရာကနိုးသည်အထိ မိုးက ဖွဲဖွဲကလေးရွာနေသဖြင့် စုစုဟန် အိပ်ရာထဲမှာ ဇိမ်နှပ်ကြီး လုပ်နေလိုက်သေးသည်။

သို့သော်...ကြာကြာတော့ လုပ်ခွင့်မရ၊ ကိုးနာရီအရောက် ရုံကိုအရောက် သွားရမည်။ ထမင်းအိုးတစ်လုံး တည်ရဦးမည်။ ရေချိုးရဦးမည်။ တစ်ချက် အပျင်းကြောဆန့်၍ သန်းဝေအပြီး အိမ်ရှေ့သို့ထွက်လာတော့ အိမ်ရှေ့လမ်းမ ပေါ်မှာ လူတွေ သုံးယောက်တစ်တွဲ၊ လေးယောက်တစ်အုပ် အသွားအပြန် လုပ်နေကြသည်။

'သနားပါတယ်ဟယ်၊ သူ့အဒေါ်တော့ တော်တော်ဝမ်းနည်းရှာမှာပဲ၊ ဒီတူကလေးက သူ့ကို လုပ်ကျွေးနေရတာ'

'ငါ့စိတ်ထင်တော့ ဒီကိစ္စက စုစုဟန်နဲ့ ပတ်သက်တယ် ထင်တာပဲ'

ထိုမိန်းမကပြောရင်း သူမတို့အိမ်ထဲသို့ စိတ်မလုံသလို လှမ်းကြည့်ရာ ရေခွက်ကိုင်ပြီးရပ်နေသော သူ့ကိုတွေ့တော့...အိုးတို့အန်းတန်းဖြစ်ပြီး ခပ်သုတ် သုတ် လျှောက်သွားသည်။

mgyoe.com

mgyoe.com


'ဘာတွေဖြစ်နေတာလဲ!'

စုစုဟာန် သူ့ကိုယ်သူမေးရင်း ရေမခပ်ရသေးသော ရေခွက်ကလေးကို ကိုင်ရင်း ခြံထိပ်တံခါးက ထွက်ကြည့်တော့ ညောင်ပင်ကြီးအောက်မှာ လူသုံးလေးဆယ်လောက် အုံနေတာကို တွေ့ရသည်။

ဒါနှင့် စုစုဟာန်လည်း ဘာလဲသိချင်စိတ်ဖြင့် ရေခွက်ကို အိမ်ရှေ့ထိုင်ခုံပေါ်တင်ရင်း သွားကြည့်သည်။ လူအုပ်ထဲကိုတိုးဝင်ပြီး ကြည့်လိုက်တော့ အူတွေအသည်းတွေ ပြောင်းပြန်လန်သွားသလား ထင်ရအောင်ကို ထိတ်လန့်သွားသည်။

သူ... ။

ကောင်းဇော်...။ လက်ထဲမှာ ဗယာကြော် အထုပ်ကလေးကိုင်လျက် ကွေးကွေးကလေး လဲနေသည်။ ခပ်ဟဟပွင့်နေသော ပါးစပ်မှာ မိုးရေကြောင့် စင်ထားသည့်သဲတွေ ကပ်လို့၊ မြေကြီးနှင့်ထိနေသော ဦးခေါင်းဘက်မှာ မိုးရေစီးကြောင်းက သဲတွေ စုပြုံ၍နေသည်။

စုစုဟာန် ရင်ထဲတစ်ချက်ဆို့သွားပြီး... တစ်ခါတည်း လဲကျသွား၏။ ထို့ကြောင့် စုစုဟာန်ကို သူ့အိမ်ထဲသို့ ပွေ့၍သွင်းလိုက်ကြရသည်။

'အတူတူလက်တွဲ အလုပ်လုပ်နေတဲ့ သူငယ်ချင်းတွေဆိုတော့ စိတ်မကောင်း အရမ်းဖြစ်သွားတာနေမှာပေါ့' ဟု မိန်းမကြီးတစ်ယောက်က မှတ်ချက်ချသည်။

မကြာမီ တာဝန်ရှိရပ်ကွက်လူကြီးများ၊ ရဲစခန်းမှ ရဲများနှင့် ဆရာဝန်တို့ ရောက်လာသည်။ ကွေးကွေးကလေးဖြစ်နေသော ကောင်းဇော်ကို မှုခင်းဆရာဝန်က သေသေချာချာ စစ်ဆေးသည်။ နောက်ဆုံးအဖြေက ရှင်းသည်။

'ဒါ လူသတ်မှုမဟုတ်ဘူး၊ အဆုတ်အအေးပတ်ပြီး သေတာ၊ သေတာကတော့ ရှစ်နာရီလောက်ကပဲ၊ တစ်ကိုယ်လုံးမှာ ဘာဒဏ်ရာမှ မရှိဘူး'

ထိုစဉ် လူအုပ်ကြားထဲသို့ မိန်းမကြီးတစ်ယောက် အော်ဟစ်ငိုယိုရင်း ပြေးလာသည်။ ကောင်းဇော်၏ အဒေါ်ဖြစ်၏။

mgyoe.com

mgyoe.com

'အမလေး…ငါ့တူရဲ့၊ အဖြစ်ဆိုးလှချည်ရဲ့ အဖြစ်ဆိုးလှချည်ရဲ့၊ ကြည့်လို့မှ ကောင်းကြသေးရဲ့လား! ထီးကလေးတစ်ချောင်း ဝယ်ပါဆိုတော့ ရပါတယ်ဗျာဆို အခုတော့ နှင့်ကို မိုးက သတ်သွားပြီပေါ့ ကောင်းဇော်ရဲ့'

ကောင်းဇော်ကိုယ်မှာ တောင့်ခဲနေသဖြင့် ကွေးနေသောခြေထောက်တွေကိုလည်း ဆန့်၍မရ၊ လက်ထဲမှာ တင်းတင်းဆုပ်ထားသည့် ဗယာကြော်ထုပ်ကိုလည်း ဖြည်၍မရ။ ဗယာကြော်ထုပ်ကို ဆုပ်ကိုင်ထားသော လက်များမှာ မည်သို့ဇောနှင့် ဆုပ်ကိုင်၍သွားသည် မသိ၊ လုံးဝဖြည်၍မရ။

ထိုဗယာကြော်ထုပ်ကို ဝိုင်းဖြည်နေကြချိန်တွင် ထုံးစံအတိုင်း ထွေးထွေးနှင့် အေးမာတို့ စုစုဟန်ကို ဝင်ခေါ်ဖို့လာကြသည်။ ညောင်ပင်အောက်မှာ လူတွေအုံနေသဖြင့် ဝင်ကြည့်တော့ အသက်မရှိတော့သော ကောင်းဇော်နှင့် လူတွေဝိုင်းပြီး ဖြည်နေကြသော ကောင်းဇော်လက်ထဲက ဗယာကြော်ထုပ်ကို တွေ့သွားတော့… သူတို့ ဇာတ်ရည်လည်သွားကြသည်။

စုစုဟန် အိမ်ကိုပြေးကြတော့ အိမ်ထဲမှာ စုစုဟန် ပက်လက်ကလေး လန်နေသည်။ မာလကာရွက်နှင့် သွေးဆေးကို ရောချေပြီး ရှူနေရ၏။ ထွေးထွေးတို့ကိုမြင်ရတော့ ဖက်ပြီး ငိုသည်။ ထွေးထွေးနှင့် အေးမာလည်း ငိုကြ၏။

'နှင်သာ ဗယာကြော်မမှာရင် အဲဒီလိုဖြစ်မှာ မဟုတ်ဘူး'

'မပြောပါနဲ့တော့ အေးမာရယ်၊ ငါ…ငါ ရင်တွေအရမ်းတုန်ပြီး မူးရိပ်မူးရိပ်နဲ့ အရမ်းကြောက်နေလို့ပါ'

'နှင် ဘာဖြစ်လို့ ထွက်မကြည့်ရတာလဲ!'

'ဒီလောက် မိုးတွေရွာနေတော့…သူ…သူ မလာတော့ဘူးလို့ ထင်လို့…'

'နှင်ကလည်းဟယ်၊ ဒီနေ့မှ ရည်းစားဖြစ်တာ သူ မလာဘဲနေပါ့မလား၊ ရောက်အောင်လာမှာပေါ့'

'မိုးတွေမှောင်မဲနေတုန်းမှာ ငါ တစ်ခေါက် ထွက်ကြည့်ပါသေးတယ်၊ သူ မရှိဘူး'

mgyoe.com

mgyoe.com

စုစုဟန်က ကျော်စွာဦး၏ကားပေါ်က ကြည့်တာကိုတော့ မပြောဘဲ ချန်ထားလိုက်သည်။

ထွေးထွေးကတော့ ဘာမှ ဝင်မပြော၊ တအိအိနှင့်သာ ငိုနေသည်။

မှူခင်းဆရာဝန်က စိတ်ကျေနပ်လောက်အောင် စစ်ဆေးပြီးမှ လူသေမှု အဖြစ် သတ်မှတ်ပြီး အလောင်းကို အိမ်သို့ သယ်ခွင့်ပြုလိုက်သည်။

'အမလေး...ငါ့တူရဲ့၊ လေးဖြူစတိတ်ရှိုး ကြည့်ချင်တယ်ဆို၊ အခုတော့ ကြည့်မသွားရပါလား တူကြီးရဲ့၊ ငါးသလောက်ပေါင်း စားချင်တယ်ဆို၊ ငါ့ကို တစ်သက်လုံး လုပ်ကျွေးသွားတဲ့ တူကြီး အသေစောလှချည်လား တူကြီးရဲ့'

ကောင်းဇော်အဒေါ် မစောမြ ငိုအပြောကို မေးငေ့ါသူက ငေ့ါကြသည်။ ပြုံးသူက ပြုံးကြ၏။ 'စောစောသေသွားတော့ သူ့ကို လုပ်မကျွေးရတော့ လို့ နှမြောပြီး ငိုနေတာ' ဟု ခပ်တိုးတိုး အတင်းတုတ်ကြ၏။

'အလကားပါအေ၊ ကောင်လေးကသာ လုပ်ကျွေးတာ သူက ဟင်း တောင် ကောင်းကောင်းချက်တာ မဟုတ်ဘူး၊ ဒေါ်မြင့်တို့အိမ်က ပိုကာဝိုင်း မှာချည်းပဲ၊ ကောင်လေးက တစ်ပတ်မှာ ငါးရက်လောက် ဆိုင်က ထမင်းနဲ့ ဟင်းပဲ ဝယ်စားနေရရှာတာ...'

'ဟုတ်ပ၊ အခုလည်း ၇-ရက် ၇လီ ပိုကာဝိုင်းမှာပဲ ထိုင်ဦးမှာ မယုံ ရင်ကြည့်'

'ကောင်လေး သနားပါတယ်ဟယ်၊ အသေဆိုးနဲ့ သေရတာ'

'ဟဲ့...ကောင်းဇော်က စုစုဟန်စားဖို့ ဗယာကြော်လာပေးရင်းနဲ့ မိုးမိပြီး သေတာတဲ့၊ သူတို့က ညောင်ပင်အောက်မှာ ချိန်းတွေ့နေကြတဲ့'

'ဟင်... ဟုတ်လား! ဘယ်သူပြောလဲ...!'

ထို သတင်းစကားပြောသူထံသို့ လူတွေစုသွားပြန်သည်။

ကောင်းဇော် အလောင်းဘေးမှာတော့...ဖြစ်ပြီးခဲ့တာတွေကို ပြောလိုက် ငိုလိုက်နှင့် မိန်းမကြီး၊ မိန်းမလတ်နှင့် ဒေါ်မြင့်တို့ ရှိကြသည်။ တစ်ယောက်

mgyoe.com

mgyoe.com


က ပြောပြောပြီး ငိုနေချိန်တွင် ကျန်လေးယောက်က စောင့်နေကြ၏။ ထိုသူ ပြောပြီးသွားတော့မှ နောက်တစ်ယောက်က တစ်မျိုးပြော၍ ငိုပြန်သည်။ ထိုအခါ ကျန်လေးယောက်က စောင့်ကြပြန်၏။

ပြဇာတ်ကနေသလို ထင်ရသည်။ တစ်ယောက်တစ်လှည့် ပြောချင်တာ ကလေးတွေပြောပြီး ငိုရတာကို နံဘေးက အကဲဖြတ်နားထောင်နေသူတွေ ကလည်း ရှိ၏။

ထိုအချိန်တွင် နာရေးကူညီမှုအသင်းမှ ကားရောက်လာသည်။ ရာအိမ်မှူး ဦးထွန်းထွန်းက Phone ဆက်ခေါ်လိုက်သည့်အတွက် ဖြစ်သည်။

ကားပေါ်မှ ဆင်းလာသူက မင်းသမီး ဆုရွှန်းလဲ့။

'ဟယ်... ဆုရွှန်းလဲ့ဟဲ့... ဆုရွှန်းလဲ့'

ငိုနေသူတွေ ရပ်သွားကြသည်။ ပြီးတော့ လိုအပ်တာတွေကို မေးမြန်း ရေးမှတ်၊ ယူစရာရှိတာတွေယူနေသော မင်းသမီးအနားမှာ လူတွေအုံနေကြ သည်။

ရပ်ကွက်ထဲမှ သတင်းကြားသူတွေကလည်း အပြေးအလွှား လာရောက် ကြည့်ကြ၏။

'မင်းသမီးလေးက ချောတယ်နော်'

'မင်းသမီးဖြစ်ပေမယ့် မာနမရှိဘဲ ဒီလိုလူမှုရေးအလုပ်တွေကို လုပ်ရဲတာ ငါတော့ ချီးကျူးတယ်ဟေ့'

'အသားက ဖွေးနေတာပဲနော်'

ထိုအချိန်တွင် ကောင်းဇော် အလောင်းကတော့ အိမ်ပေါ်မှာ တစ်လောင်း တည်း ဆန့်ဆန့်ကလေးဖြစ်နေ၏။ လူတွေအားလုံးက မင်းသမီးအနားမှာသာ ဝိုင်းအုံနေကြသည်။

'မင်းသမီးလေး အိမ်ပေါ်တက်ပါဦးလား!'

'မတက်တော့ဘူး အန်တီ၊ ကျွန်မတို့ ကွယ်လွန်သူအတွက် လုပ်စရာ ရှိတာလေးတွေ ဆက်လုပ်စရာတွေ ရှိသေးလို့ပါ'

mgyoe.com

mgyoe.com

ကောင်းဇော်အလောင်းကို တာဝန်ရှိသူ ၂-ဦးက ကားပေါ်သို့တင်သည်။

ဆုရှန်းလဲ့က လိုအပ်သော စာရွက်စာတမ်းတွေကိုယူပြီး ကားလေး မောင်းထွက်သွားသည်ကို ကောင်းဇော်တို့အိမ်ရှေ့မှ လူအုပ်ကြီးက ငေး၍ ကျန်ရစ်ခဲ့သည်။

လူအုပ်ကြီးထဲက လူတစ်ယောက်က မှတ်ချက်ချသည်။

'သေယန်းပွင့်တယ်ဆိုတာ ဒါပဲပေါ့ကွ၊ မင်းသမီးကိုယ်တိုင်က လာသယ်ရတာ၊ ဒါမျိုးမင်းသမီးလေးတွေ လာသယ်မယ်ဆိုရင် ဆယ်ခါပြန်သေရဲတယ်ဟေ့'

'ခင်ဗျားအလှည့်ကျရင် ကိုအံ့ကျော်ကြီးကိုပဲ လွှတ်မှာ'

လူတွေ ဝိုင်းရယ်ကြသည်။ အသုဘအိမ်သည် ပျော်စရာကြီး ဖြစ်နေလေသည်။

■

mgyoe.com

mgoo.com

# အခန်း (၂)

အိပ်ရာကနိုးလာတော့ လူတစ်ကိုယ်လုံးက ပေါ့ပါးနေတာကို ပထမဦး ဆုံး သတိထားမိတယ်။ အရင်တုန်းကဆိုရင် ဒီလိုဘယ်ဟုတ်မလဲ... မိုးကလေး အုံ့လာတာနဲ့ ဖွဲဖွဲကလေးရွာတာနဲ့ ရင်ထဲက ကြပ်တတ်တတ်ဖြစ်လာတာ၊ ချောင်းတစ်ချက်ဟပ်လိုက်ရင် သလိပ်တွေပါလာရော... ဆရာဝန်ကတော့ တီဘီဖြစ်ချင်တာဆိုလား၊ ဖြစ်နေတယ်ဆိုလား ပြောတာပဲ၊ မြို့နယ်ဒေသန္တရ ဆေးခန်းမှာ တီဘီဆေးကို ခြောက်လသောက်ရမယ်တဲ့။

ပထမတော့ သွားယူပြီး သောက်ပါသေးတယ်၊ ဒါပေမယ့် တစ်နေ့လုပ် မှတစ်နေ့စားဘဝမှာ ဘယ်နဲ့ ဒီတီဘီဆေးကို တကူးတကကြီး သွားယူပြီး သောက်နေနိုင်မှာလဲ !။

ကျွန်တော် ညောင်ပင်ကုန်းမှာ မတ်တပ်ရပ်ပြီး စဉ်းစားနေမိတယ်။ ဘာဖြစ်လို့ ကျွန်တော် ဒီညောင်ပင်ကုန်းမှာ လာအိပ်ပျော်နေတာလဲပေါ့လေ... ဒါပေမယ့် ဘယ်လိုမှ စဉ်းစားမရတော့ဘူး။ ဒါနဲ့ ဆက်မစဉ်းစားတော့ပါဘူး၊

mgoo.com

mgyoe.com


ကျွန်တော် နေလို့ထိုင်လို့ အရမ်းကောင်းနေတာ၊ ပေါ့ပါးပြီး ရွှင်မြူးနေတာ အဲဒါကိုပဲ ဝမ်းသာနေမိတယ်။ ဒါနဲ့ ကျွန်တော်လည်း ညောင်မြစ်ပေါ်မှာ ထိုင်ရင်း လေချွန်နေမိတယ်။

အဲဒီအချိန်မှာပဲ ညောင်ပင်ကုန်းပေါ်က ကိုလှဌေးနဲ့ မသန်းသန်းဌေးတို့ စကားအပြန်အလှန်လုပြောရင်း ဆင်းလာကြတာကို ကျွန်တော် မြင်ရတယ်၊ သူတို့ ကိုသန်းမင်းဆီမှာ နှစ်လုံးဘောင်ချာ သွားအပ်မလို့ဆိုတာ ကျွန်တော် သိတာပေါ့၊ သူတို့ကိုကြည့်ရင်း ကျွန်တော့်စိတ်ထဲမှာ ၂၆–ဆိုတဲ့ ဂဏန်းကို ထိုးချင်စိတ်ပေါ်လာတယ်၊ ဒါနဲ့ ကိုလှဌေးကို လှမ်းပြုံးပြရင်းနဲ့ ညောင်ပင်ပေါ် ကုန်းကနေ ဆင်းလိုက်တယ်။ ကိုလှဌေးတို့က ကျွန်တော့်ကို မမြင်ပါဘူး၊ ညောင်ပင်နားရောက်မှ ပိုပြီး ခပ်သွက်သွက် ဖြစ်လာသလိုပဲ။

ဒါနဲ့ ကျွန်တော်လည်း သူတို့ရှေ့ကို ညောင်ပင်ကုန်းပေါ်ကနေ ခုန်ချ လိုက်တယ်။ ဒါပေမယ့် သူတို့က လန့်မသွားကြဘူးခင်ဗျ၊ ကျွန်တော်စ,တာ အချည်းအနှီး ဖြစ်သွားတာပေါ့ခင်ဗျာ။

'မသန်းဌေး ကျွန်တော့်ကို ၂၆–တစ်ကွက် အာငါးရာဖိုးလောက် ထည့် ပေးစမ်းပါဗျာ'

မသန်းဌေးက ကျွန်တော်ပြောတာကို မကြားဘူးခင်ဗျ၊ မကြားတဲ့အပြင် ကျွန်တော့်ကို ဂရုလည်းမစိုက်ဘူး။ ကျွန်တော်က အတင်းအော်ပြီးခေါ်တာလဲ လှည့်မကြည့်ဘူး။ ဒါနဲ့ပဲ ကျွန်တော်လည်း မသန်းဌေးရဲ့လက်ကို ဆွဲတော့ ဆွဲလို့မရဘူး၊ အဲဒီအချိန်မှာပဲ မသန်းဌေးရဲ့ ညာဘက်ပခုံးပေါ်က မိန်းမတစ် ယောက် ခုန်ချလာတယ်၊ ကျွန်တော် အံ့သြလွန်းလို့ ကိုယ့်မျက်စိတောင် ကိုယ် မယုံဘူးဖြစ်နေတာ။

'ဟဲ့...ဘာဖြစ်လို့ လက်ဆွဲရတာလဲ၊ ကိုယ့်ဘာသာ ငြိမ်ငြိမ်နေနော်၊ အခုမှ ဒီဘဝရောက်ပြီး အူကြောင်ကြောင် လာမလုပ်နဲ့'

ကျွန်တော် အံ့သြလွန်းလို့ ပါးစပ်ကို ပြဲနေတာပဲ။ အဲဒီမိန်းမက အသက် အစိတ်လောက်ပဲ ရှိဦးမှာပါ။ ဝတ်ထားတာက လူတွေဝတ်သလို မဟုတ်ဘူး

mgyoe.com

mgyoe.com

ခင်ဗျ။ ဘယ်လိုလဲဆိုတာကိုလည်း ကိုယ့်ဆရာတို့နားလည်အောင် ကျွန်တော် ပြောမပြတတ်ဘူး။

'ခင်ဗျားက ဘယ်သူလဲ! ကျွန်တော်က မသန်းငွေနဲ့ တစ်လမ်းတည်း နေတာ၊ ကျွန်တော်ခေါ်တာ ဘာဖြစ်လဲ'

'အေး... အရင်တုန်းက ဟုတ်တယ်၊ ခု နင်နဲ့ မသန်းငွေက ဘာဝမတူတော့ဘူး'

သူပြောပုံက အားရပါးရကြီးခင်ဗျ၊ ပြီးတော့ သူက ကျွန်တော့်ကို အထက်စီးကနေ ပြောနေတာ၊ သူ့ကို တအံ့တသြကြည့်ရင်းနဲ့ ကျွန်တော် တစ်ခုသတိရသွားတယ်။ ခုနက ကျွန်တော်မြင်တာ ကိုလှငွေနဲ့ မသန်းသန်း ငွေတို့ မောင်နှမနှစ်ယောက်တည်းပါ၊ အခု ဒီမိန်းမက ဘယ်ကနေ ရောက် လာရတာလဲ !။

'နေစမ်းပါဦး၊ ခုနက ကျွန်တော်မြင်တာ မသန်းသန်းငွေနဲ့ ကိုလှငွေတို့ ၂-ယောက်တည်းပါ။ ခင်ဗျားက ဘယ်ကရောက်လာတာလဲ!'

'အောင်မာ ဒီနေ့မှ ဒီဘဝရောက်တဲ့ကောင်ကများ ငါ့ကို စစ်လားဆေး လားနဲ့၊ နင့်ဘာသာ အေးဆေးနေ၊ နင်နဲ့ မသန်းငွေတို့က ဘာဝမတူတော့ဘူး လို့ပြောပြီးနေပြီ'

'ဘဝမတူတာ ကျွန်တော်သိပါတယ်၊ ကျွန်တော်က အမွေးတိုင်ရုံမှာ လုပ်တယ်၊ သူတို့က နှစ်လုံးရောင်းတယ်လေ... အဲဒါ ဘာဖြစ်လဲ!'

'နင် တော်တော်စကားရှည်တယ်၊ ကိုယ့်ဘဝကိုယ်သိဒါပဲ'

ကျွန်တော် ပြန်ပြောမယ်လုပ်တော့၊ ရုတ်ခနဲ အဲဒီအမျိုးသမီးက ပျောက် သွားတယ်ခင်ဗျ၊ ကျွန်တော်လည်း တော်တော်လေး အူကြောင်ကြောင်ဖြစ် သွားတယ်။ ငါ ဘာတွေဖြစ်နေတာလဲလို့ စိတ်ထဲမှာလည်း တွေးမိတယ်။

နောက် ခုနကအမျိုးသမီးဝတ်ထားတဲ့ အဝတ်အစားကိုလည်း ဘယ်သူ ဝတ်တာမှ ကျွန်တော် မမြင်ဖူးဘူး၊ ပိတ်စကို ပတ်ထားတာလား၊ ခြုံထား တာလား တစ်ခုခုပဲ။ ကျွန်တော်လည်း အူကြောင်ကြောင်နဲ့ပဲ ညောင်ပင်ကုန်း ပေါ် ပြန်တက်လာခဲ့တယ်။

mgyoe.com

mgyoe.com

ခဏ ဟိုင်ေးဒီင်ေးလုပ်နေတုန်း နောက်ကနေ ပခုံးကိုလက်တို့ပြီး 'ဒီမှာ' ... 'ဒီမှာ' ဆိုတဲ့ခေါ်သံကြောင့် လှည့်ကြည့်တော့ လူတစ်ယောက်ခင်ဗျ၊ အပေါ်ပိုင်းမှာ အင်္ကျီကဗလာနဲ့ ဦးထုပ်အရွယ်လောက်ရှိတဲ့ ရေခဲမုန့်ခွက်ကလေးကို ဆောင်းထားတယ်။ အောက်ပိုင်းမှာက အလှူတွေဘာတွေသွားရင် လူကြီးတွေထုတ်ဝတ်လေ့ရှိတဲ့ ပုဆိုးမျိုးကို ခါးတောင်းကျိုက်လို့ခင်ဗျ။ ဒီတော့ ကျွန်တော်လည်း သူ့ပုံစံကြည့်ပြီး ရယ်ချင်သွားတာပေါ့။ သူက ကျွန်တော်ထက်အသက်ကြီးပုံရတော့ ရယ်လိုက်ရင် မသင့်တော်ဘူးဆိုပြီး ကြိတ်မှိတ်အောင့်အီးထားပေမယ့် ဘယ်လိုမှ ထိန်းလို့မရဘူးခင်ဗျ၊ ကျွန်တော် ရယ်မိသွားတယ်။ ရယ်ရင်းရယ်ရင်း ထိန်းလို့မရတော့ဘဲ အားရပါးရကြီးကို ရယ်မိသွားတယ်။

သူက သူ့ကိုကြည့်ပြီး ကျွန်တော်ရယ်တာကို စိတ်ဆိုးတဲ့ပုံမပြဘဲနဲ့ လက်ပိုက်ပြီး အေးအေးဆေးဆေးပဲ ကြည့်နေတယ်ခင်ဗျ။ ကျွန်တော့်ရယ်သံ တဖြည်းဖြည်း ကျဲကျဲသွားတော့မှ သူက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ကျွန်တော့်ကို သနားကြည့်နဲ့ကြည့်နေတယ်လို့ ကျွန်တော်ထင်တာနဲ့ ရယ်နေတာကို ရပ်ပစ်လိုက်တယ်။

'ခင်ဗျားက ဘယ်သူလဲ!'

'ငါ ဘယ်သူလဲဆိုတာက အရေးမကြီးပါဘူး၊ ဘယ်နေရာမှာ နေရမယ်မှန်းမသိ၊ ဘယ်ကိုရောက်မယ်မှန်း မသိဘဲနဲ့ မင်းက အားရပါးရ ရယ်နေနိုင်တာကို အံ့သြနေတာပါ'

'ခင်ဗျားပုံက ရယ်စရာကြီးကိုဗျ၊ ခင်ဗျားက ဘာဖြစ်လို့ အဲဒီလိုဝတ်ထားရတာလဲ၊ ကလေးမဟုတ် သူငယ်မဟုတ်နဲ့...'

ကျွန်တော့်စကားကြောင့် ဒီလူ စိတ်ဆိုးသွားမယ်ထင်တာ စိတ်မဆိုးဘူးခင်ဗျ။ စိတ်မဆိုးတဲ့အပြင် ကျွန်တော့်ကို သနားကြည့်နဲ့ ဆက်ကြည့်နေတုန်းပဲ။

'မင်း အခု ဘယ်ကိုသွားမှာလဲ!'

'ဘယ်သွားရမှာလည်း ကျွန်တော့်အိမ် ကျွန်တော်ပြန်မှာပေါ့'

mgyoe.com

mgyoe.com

'မင်းအိမ်ကို မင်း ပြန်လို့မရတော့ဘူး'

'ဘာဖြစ်လို့ ပြန်လို့မရရမှာလဲ၊ ကျုပ်အိမ်ကိုကျုပ် ဘယ်အချိန်ပြန်ပြန် ရတယ်'

စကားဆုံးတာနဲ့ ကျွန်တော်လည်း ညောင်ပင်ကုန်းကနေ ခုန်ချဆင်းလိုက်တယ်၊ ငါ ဒီနေ့ ဘယ်လိုလူတွေနဲ့ တွေ့နေပါလိမ့်ပေါ့လေ။ ကျွန်တော်အိမ်ကို အေးအေးဆေးဆေးပဲ ပြန်ခဲ့တယ်။ ပြန်လာတဲ့လမ်းတလျှောက်မှာ ကျွန်တော်တို့ရပ်ကွက်ထဲကရော ဟိုဘက်ရပ်ကွက်ထဲကရော လူတွေ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ပြန်လာကြတာကို တွေ့ရတယ်။ ကျွန်တော်တို့လမ်းရဲ့ ဘယ်ဘက်အခြမ်းက ဟိုဘက်ရပ်ကွက်လေ...။ အဲဒီလိုလာတဲ့လူတွေက ကျွန်တော့်ကို နှုတ်မဆက်ပါဘူး၊ ကျွန်တော်ကလည်း အရင်ကတည်းက ခပ်မှန်မှန် ခပ်အေးအေးနေတဲ့လူဆိုတော့ လူချစ်လူခင်လည်း မများဘူး၊ လူမုန်းလည်း သိပ်မရှိပါဘူး၊ ဆိုလိုတာက ဒီလိုလမ်းတွေဘာတွေမှာ ကျွန်တော့်ကို လိုက်လိုက်လဲ့လဲ့ပြုံးပြ နှုတ်ဆက်လေ့ရှိတဲ့သူမရှိသလို၊ ကျွန်တော်ဘက်ကလည်း မရှိပါဘူး။ တချို့တလေကိုတော့ အသံတိတ် ပြုံးပြရုံ၊ ခေါင်းတစ်ချက်ဆတ်ပြရုံနဲ့ ပြီးပါတယ်။

အဖေအမေမရှိတဲ့ သား၊ အဒေါ်အိမ်မှာ ကပ်နေရတဲ့ သား ဆိုတော့ လူမှုရေးအရ အညံ့ကိုပဲ ခံစားရပါတယ်။ ဒီလိုပဲပေါ့ဗျာ။

လူတွေဟာ ခက်တယ်ဗျာ၊ ငါတို့က အဆင့်အတန်းမခွဲဘူး၊ လူကိုလူလိုပဲမြင်တယ်၊ ဘာညာ လျှောက်ပြောနေကြပေမယ့် တကယ်တမ်းကျတော့ အများလုပ်သလို လိုက်လုပ်နေကြတာပါပဲ။

မြေနီလမ်းကလေးကို ကွေ့လိုက်တော့ ကျွန်တော့်အိမ်ကို တွေ့ရတယ်၊ ကျွန်တော့်အိမ်ထဲက လူလေးငါးယောက်ထွက်လာတာ တွေ့ရတော့ ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားတယ်။ လမ်းမှာလည်း လူလေးငါးယောက်တစ်တွဲစီ သုံးလေးခါလောက် တွေ့ခဲ့တာကိုး...

အဒေါ် တစ်ခုခုများ ဖြစ်သလားလို့ပါ။

mgyoe.com

mgyoe.com


ဟုတ်တယ်လေ အဒေါ်ဆီမှာက သွေးတိုးရော၊ ဆီးချိုရော ရှိတာကိုး၊ အဒေါ် တစ်ခုခုဖြစ်ရင် ကျွန်တော့်အတွက် မှီခိုစရာမလွယ်ဘူး မဟုတ်လား!။ ဒါနဲ့ အိမ်ဆီ ခပ်သုတ်သုတ်လာခဲ့ရတယ်။

ကျွန်တော့်အိမ်ရဲ့ လှေကားထိပ်ကိုရောက်တော့ လူတစ်ယောက်က ရှေ့ကနေကာပြီး လာရပ်တယ်။ ကျွန်တော်ကြည့်တော့ အဲဒီလူကို ကျွန်တော် မသိဘူးဖြစ်နေတယ်။ သူ ဝတ်ထားတာက ဂုံနီအိတ်အရောင် ပိတ်စတစ်ခုကို ပတ်ထားတာပါပဲ။ ပထမ သူ ဒီဘက်ကိုကူးမယ်ထင်လို့ ကျွန်တော်က တံတားလေးပေါ်မတက်သေးဘဲ လမ်းဖယ်ပေးထားပါတယ်။ ဒါပေမယ့် သူက တံတားပေါ်မတက်ပဲ ဟိုဘက်တံတားထိပ်မှာ ရပ်မြဲပဲ ရပ်နေတယ်။

ဒါနဲ့ကျွန်တော်လည်း တံတားပေါ်တက်ပြီး ခြံထဲဝင်မယ်ပေါ့၊ ကျွန်တော် လာနေတာတွေ့ရင် သူ ဖယ်ပေးရမှာကို ဖယ်မပေးဘူးခင်ဗျ။

'ကျွန်တော် အိမ်ထဲဝင်မလို့'

'မင်း အိမ်ထဲဝင်လို့မရတော့ဘူး'

'ဟား... ကျွန်တော့်အိမ်ထဲ ကျွန်တော်ဝင်တာ ဘာဖြစ်လို့ဝင်လို့မရ ရမှာလဲ!'

'မင်းက လူမှမဟုတ်ဘဲ'

'ခင်ဗျား စကားပြောရိုင်းလှချည်လား ခင်ဗျားကရော ဘယ်သူလဲ! ကျုပ်အိမ်လည်း လာသေးတယ်၊ ကျုပ်ကိုလည်း စော်ကားသေးတယ်'

'အေး... မင်းဘာလို့ ခြံထဲဝင်လို့မရတာလဲဆိုတော့ မင်းက သေပြီလေ...'

ဒီလူကြီးစကားဆုံးတော့ ကျွန်တော် ရယ်ချင်သွားတယ်။ ကျွန်တော့် အဒေါ်က အပေါင်းအသင်း စည်းကမ်းကြီးတဲ့လူပါ။ ဒီလို အူကြောင်ကြောင် ငနဲတွေနဲ့ အပေါင်းအသင်း မလုပ်တတ်ပါဘူး။

'ကဲ... ပေါက်ကရတွေ ပြောမနေနဲ့ ဖယ်သာဖယ်စမ်းပါဗျာ၊ ကျွန်တော် ရေမိုးချိုးပြီးရင် အလုပ်သွားရဦးမှာ...'

'မင်း ဝင်ခွင့်မရှိတော့ဘူးလို့ ငါ ပြောပြီးပြီပဲ'

mgyoe.com

mgyoe.com


'ဟား... ဒုက္ခပါပဲ၊ ဒီနေ့ ငါ ဘာတွေဖြစ်နေလဲကို မသိဘူး'

ကျွန်တော့်စကားဆုံးတော့ တံတားထိပ်က ပိတ်ရပ်နေတဲ့လူ ဝတ်စားထားတဲ့အတိုင်း နောက်ထပ်လူတစ်ယောက် ထပ်ရောက်လာတယ်။ ဒီဒုတိယလူက ပထမလူထက် အသက်ကြီးတယ်။

'မင်း တားထားလိုက် ငါ သွားမေးလိုက်မယ်'

စကားဆုံးတော့ ပထမလူ ပျောက်သွားတယ်၊ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်နေရာကနေ အနောက်ဘက်ကို လှည့်လိုက်တာနဲ့ အဲဒီလူ ပျောက်သွားတာပဲ။ ကျွန်တော်လည်း ဒုတိယလူကို ဘာမှမပြောတော့ဘဲ ခြံထဲခပ်သွက်သွက်ဝင်လိုက်တယ်၊ ဒါပေမယ့် ဝင်လို့မရဘူးခင်ဗျ။ လေပူဖောင်းလို ခပ်ပျော့ပျော့အရာတစ်ခုက ခြံထဲကို ကျွန်တော်ဝင်တာနဲ့ အိခနဲ အိခနဲ တားထားတယ်။

ပြဿနာပဲ။

ကျွန်တော့်ရှေ့မှာ ဘာမှမရှိဘူးဆိုတာ ကျွန်တော်မြင်နေရဲ့သားနဲ့ ဝင်လို့မရဘူးဖြစ်နေတယ်။ အဲဒီလေပူဖောင်းလို ပျော့စိစိအရာက ကျွန်တော်နဲ့ ဒုတိယလူရဲ့ကြားမှာ ခြားထားတာပါ။

'ခင်ဗျားက ဘယ်သူလဲ!'

'ငါက... ဒီခြံစောင့်နတ်'

'မနောက်ပါနဲ့ ဦးလေးရာ'

'မင်းကို ငါက နောက်ရမှာလား!'

'ကျွန်တော် ဒီနေ့ ဘာတွေဖြစ်နေလဲ မသိဘူး၊ ကျွန်တော်နဲ့တွေ့ရတဲ့လူတွေအားလုံးက အူကြောင်ကြောင်တွေချည်းပဲ၊ ညောင်ပင်အောက်မှာလည်း တစ်ယောက်တွေ့ခဲ့တယ်၊ အင်္ကျီလည်း မပါဘူး၊ ခါးတောင်းကျိုက်နဲ့ ရေခဲမုန့်ခွက်ကို ဆောင်းလို့'

'အဲဒါ ပညောင်ပင်စောင့်နတ်ကွ'

'ပေါက်ကရရှစ်ဆယ်ဗျာ...'

ကျွန်တော် စိတ်ပျက်လက်ပျက်ပြောရင်းနဲ့ ရှေ့ကိုတိုးလိုက်တော့ ပူဖောင်း

mgyoe.com

mmyoe.com

လို ပျော့စိစိအရာက တားထားတုန်းပဲ။ ကျွန်တော် လက်နဲ့တွန်းဖယ်တယ်၊ မရဘူး။ ပျော့စိစိအရာက ရှိနေတာပဲ။ ရှိသမျှအားနဲ့ အတင်းတိုးတယ် sorry ပဲ ဖြစ်နေတယ်။

'အထဲဝင်လို့မရအောင် ခင်ဗျား လုပ်ထားတာလား'

'ဟုတ်တယ်'

'ဘာနဲ့လုပ်ထားတာလဲ!'

'ငါ့မှာရှိတဲ့ တန်ခိုးကုဒ္ဓိပါဒ်နဲ့'

'ဒါဆိုရင်တော့ ပေါက်ကရရှုစ်ဆယ့်တစ် ဖြစ်သွားပြီပေါ့ဗျာ'

ကောင်းဇော်က ပခုံးကိုတွန့်ရင်း ခပ်လှောင်လှောင်ရယ်ရင်း ပြောသည်။ သူ ဘာတွေဖြစ်နေတာလဲ ဆိုတာကိုတော့ သူ့ကိုယ်သူ မယုံနိုင်စရာတွေ၊ မကြုံဘူးတာတွေ ဖြစ်နေသည်ဟု သိပြီး ကိုယ့်ကိုယ်ကို ပြန်အံ့သြနေမိသည်။

ရှေ့တစ်လှမ်းတိုးသည်… ပျော့စိစိကလေးတားထားပြန်၏။ မလွယ်ပါလား!။

ထိုအချိန်မှာပင် ပထမလူ ပြန်ရောက်လာသည်။ ဘယ်လို ရောက်လာတယ်ဆိုတာကိုတော့ ကျွန်တော် မမြင်လိုက်။

'ဘိုးဘိုးက ဝင်ခွင့်ပေးလိုက်တဲ့'

ပထမလူစကားဆုံးတော့ ဒုတိယလူကပြုံးပြီး ခေါင်းကိုညိတ်သည်။ ပြီးတော့ ကျွန်တော့်ကို ကျောခိုင်းလိုက်ကြတော့ နှစ်ဦးစလုံး ကျွန်တော့်ရှေ့က ပျောက်သွားတော့မှ ကျွန်တော် တော်တော် ထိတ်လန့်သွားသည်။

ကျွန်တော် အိပ်မက်များ မက်နေတာလား! ဟု တွေးမိသေးသည်။ သို့သော် အိပ်မက်မက်နေသူသည် သူ အိပ်မက်မက်နေကြောင်းကို မသိဟု စိတ်ပညာစာအုပ်တစ်အုပ်ထဲမှာ ကျွန်တော် ဖတ်ဖူးသည်။ ဒါဆိုလျှင်… ကျွန်တော် ဘာဖြစ်နေတာလဲ!။

ကျွန်တော် စဉ်းစားမနေတော့ဘဲ ခြံထဲသို့ ခပ်သုတ်သုတ်ဝင်လိုက်သည်။ ဒီတစ်ခါ ပျော့စိစိတွေဘာတွေ မတွေ့ရတော့ဘဲ အိမ်တံခါးဝကိုရောက်တော့

mmyoe.com

mgyoe.com


ဖိနပ်တွေ တော်တော်များတာကို တွေ့ရတယ်။ ကျွန်တော်စိတ်ပူတာ မှန်နေပြီပေါ့၊ အဒေါ် ဘာများဖြစ်နေပါလိမ့်!။

အိမ်ပေါ်ကိုရောက်တော့ အဒေါ့်ကို ဘုရားခန်းရှေ့မှာ ထိုင်လို့ အေးအေးဆေးဆေးပဲ တွေ့ရပါတယ်။ ပြီးတော့ မိန်းမကြီးလေးငါးယောက်၊ ယောကျ်ားကြီးလေးငါးယောက် ထိုင်နေတာလည်းတွေ့တယ်။ ဒါနဲ့ အဒေါ်မြင်လောက်တဲ့ နေရာမှာရပ်ပြီးတော့ ကျွန်တော်အဒေါ့်ကို ကြည့်ပါတယ်။

'အဒေါ် ဘာတွေ ဖြစ်နေကြတာလဲဗျ'

ကျွန်တော့်စကားကို အဒေါ်က မကြားပါဘူး။ ကျွန်တော့်ကိုလည်း လှမ်းမကြည့်ဘူး၊ အဒေါ်တင်မဟုတ်ဘူး အဒေါ်နဲ့ ထိုင်စကားပြောနေကြတဲ့ လူတွေကလည်း ကျွန်တော်ပြောတာကို မကြားကြဘူး။

ကျွန်တော်လည်း စိတ်တိုတိုနဲ့ လူတွေကိုကွေ့ပြီး အဒေါ်ရှိတဲ့ဘက်ကို လျှောက်သွားတော့မှ တွေ့လိုက်ရတဲ့အရာကြောင့် ကျွန်တော် ခေါင်းနပန်းကြီးသွားတယ်။

ခုံကလေးတစ်ခုံပေါ်မှာ ကျွန်တော့်ဓာတ်ပုံနဲ့ ထမင်းနဲ့ဟင်းထည့်ထားတဲ့ ပန်းကန်တစ်ချပ်နဲ့ စီးကရက်တစ်လိပ်က မီးလောင်လို့...

ဒါ... ဆိုရင် ကျွန်တော်ဟာ... ။

ခြံရှေ့မှာတွေ့ခဲ့တဲ့ လူကြီးပြောသလို သေပြီပေါ့။

အဒေါ့်နံဘေးမှာ ဝိုင်းထိုင်နေကြတဲ့ ယောကျ်ားကြီးတွေနဲ့ မိန်းမကြီးတွေက ကွာစေ့နဲ့ ပဲကြီးလှော်တွေနှိုက်စားရင်း အဒေါ်နဲ့ စကားပြောနေတယ်။

'အလောင်းက သယ်သွားပြီဆိုပေမယ့် အိမ်မှာ တစ်ယောက်တည်းတော့ ဘယ်ဖြစ်မလဲ! စိန်မောင်တို့ တောက်ထွန်းတို့ ကျော်ကျော်တို့ ကိုသန်းမင်းတို့ အတွက် ရှိုးဖြစ်ဖြစ်၊ ရှမ်းကိုးမီးဖြစ်ဖြစ် တစ်ပွဲရယ်၊ တို့အတွက်ကတော့ ပိုကာဝိုင်းတစ်ဝိုင်း ဒါပါပဲ'

'အေးလေ...ငါကလည်း အဲဒါတွေ သိပ်နားမလည်တော့ နင်တို့တာဝန်ယူတယ်ဆိုရင် လုပ်ကြပေါ့၊ ငါ့တူမလင်မယားနဲ့ ငါ့အစ်ကိုကိုတော့ လှမ်း

myoe.com


ခေါ်ထားတာပဲ... သင့်တော်သလိုသာ လုပ်ကြပေါ့ပဟယ်၊ ငါ့တူလေး ကံဆိုးရှာပါတယ်ဟယ်'

အဒေါ်က ကြိတ်ငိုငိုပြန်တယ်။

'ကျွန်တော်က ဒီမှာဗျ' လို့ ကုန်းအော်ပေမယ့် အဒေါ်က နည်းနည်းကလေးမှ ကျွန်တော့်အသံကို ကြားပုံမရဘူး။ အဒေါ်တင်မဟုတ်ဘူး ဘယ်သူမှ ကြားကြပုံမရဘူး၊ တော်တော်စိတ်ပျက်ဖို့ ကောင်းတယ်ဗျာ။

'အကောက်တို့ ဘာတို့ အားလုံးအတွက် ကျွန်တော်တို့ တာဝန်ယူတယ်ဗျာ၊ ဒေါ်မိလှ ဒါတွေကို ဘာမှ စိတ်ထဲထည့်မနေနဲ့၊ စိတ်သက်သာအောင်သာနေ၊ ကျန်တာတွေ ကျွန်တော်နဲ့ ကိုထွန်းထွန်းတို့ တာဝန်သာထား'

'အေးပါ... အေးပါ နင်တို့ကောင်းသလိုသာ ကြည့်လုပ်ပါတော့'

အဒေါ်က မျက်ရည်သုတ်ရင်း ဆိုသည်။

ကျွန်တော်လည်း အခုမှ လန့်ဖျန့်ပြီး ဘာလုပ်ရမယ်မှန်း မသိတော့၊ သူတို့အပြော သူတို့အတွေ့အကြုံနဲ့ဆိုလျှင် ကျွန်တော်သည် သေတာသေချာပြီ။ ကျွန်တော် အိမ်ပေါ်ကနေ ချက်ချင်းပြေးဆင်းလာခဲ့တယ်။ ခုနက လူနှစ်ယောက်နဲ့တွေ့ဖို့ လိုအပ်နေပြီမဟုတ်လား!။

ကျွန်တော် ခြံထိပ်ရောက်ရင်ပဲ ပထမလူကို တံခါးနားမှာ တွေ့ရတယ်။ ကျွန်တော် ထိတ်လန့်နေတယ်၊ ဝမ်းနည်းနေတယ်၊ ငိုချင်နေတယ် ဒါပေမယ့် ငိုလို့မရဘူးဆိုတာကိုလည်း ကိုယ့်ဘာသာသိနေတယ်။ ကျွန်တော် ပထမလူကို အားကိုးတကြီးနဲ့ မေးရတယ်။

'ဦးလေး... ဦးလေး... ကျွန်တော် သေပြီတဲ့ခင်ဗျ၊ လုပ်ပါဦး ကျွန်တော် ဘာဆက်လုပ်ရမလဲ!'

'မင်းကိစ္စက ငါတို့နဲ့မဆိုင်ဘူးကွ၊ မင်း ညောင်ပင်အောက်ကိုပဲ ပြန်သွား'

'ဟာ... ဦးလေးကလည်း ဦးလေးက ကျွန်တော်တို့ခြံကို စောင့်ရှောက်တဲ့နတ်ဆို ကျွန်တော့်ကို ပြန်ရှင်အောင် လုပ်ပေးလို့မရဘူးလား!'

'မရဘူး၊ ငါ့တာဝန်က ဒီခြံကို စောင့်ရှောက်ဖို့ပဲ တာဝန်ရှိတာ၊ ငါပြောတဲ့

myoe.com

mgyoe.com


စကားကိုသာ မင်း နားထောင်ပါကွာ၊ ညောင်ပင်ဆီပြန်သွား'

ပြောပြီးတာနဲ့ အဲဒီလူ ပျောက်သွားတယ်။ ကျွန်တော်လည်း စိုးရိမ်ထိတ်လန့်ပြီး ညောင်ပင်ကုန်းကို ပြန်လာခဲ့တယ်။ လမ်းမှာတွေ့တဲ့ လူတွေကို ကျွန်တော် ခေါ်တယ်၊ စကားပြောတယ်။ ဒါပေမယ့် သူတို့က ကျွန်တော့်ကို ဘာတစ်ခုမှ မတုန့်ပြန်ကြဘူးခင်ဗျ။

အဲဒီလိုတွေ့ရလေ ကျွန်တော် ပိုပြီးပိုပြီး ထိတ်လန့်လာလေပါပဲ။ ညောင်ပင်ကုန်းကိုရောက်တော့ ကျွန်တော် ညောင်ပင်စောင့်နတ်ကြီးကို တစ်အား ကြုံးအော်ခေါ်တော့တာပဲ။

'ညောင်ပင်စောင့်နတ်ကြီး'

'ဗျို့... ညောင်ပင်စောင့်နတ်ကြီး'

'ညောင်ပင်စောင့်နတ်ကြီး'

ကျွန်တော် မျက်စိကိုမှိတ်၊ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း တအားကြီးကို ကြုံးအော်တာ။

'ဟေ့ကောင်... ဘာဖြစ်လို့ တအား ကြုံးအော်နေရတာလဲကွ'

'ဟာ... ခင်ဗျားက ဘယ်သွားနေတာလဲဗျ၊ ကျွန်တော် သေပြီတဲ့ဗျ၊ သေပြီတဲ့၊ ကျွန်တော့်ကို ကူညီပါဦးဗျာ'

'ဟ... ငါက ဘာကူညီလို့ရမှာလဲကွ၊ ငါတောင်မှ နေစရာမရှိလို့ ဒီညောင်ပင်မှာ ဘိုးဘိုးကြီးဆီ အသနားခံပြီး ကပ်နေရတာ...'

'ဒါဆို... ကျွန်တော် ဘာဆက်လုပ်ရမလဲ!'

'ဘာမှ ဆက်မလုပ်နဲ့၊ လုပ်လို့လည်းမရဘူး၊ ညနေကျရင် ညောင်ပင်စောင့်ဘိုးဘိုးကြီး အဓိဋ္ဌာန်ဝင်နေတာကနေ ပြန်လာလိမ့်မယ်၊ အဲဒီတော့မှ မင်း ဘိုးဘိုးကြီးကိုပြော'

'ကျွန်တော်က ဘာပြောရမှာလဲ!'

'မင်းဖြစ်တာကို ပြောပြပေါ့ကွ၊ ဒီတော့ ဘိုးဘိုးကြီးက မင်း ကုသိုလ်၊ အကုသိုလ်အရ မင်းကို နေရာချထားပေးလိမ့်မယ်။ အခုတော့ လာ၊ ငါနဲ့အတူ

mgyoe.com

mgyoe.com


ညောင်ပင်ပေါ်ထိုင်ပြီး လာတဲ့လူတွေကို ကြည့်ပေတော့'

'ကျွန်တော်မှ သစ်ပင်မတက်တတ်တာဗျ'

'မလိုပါဘူးကွာ...အရှေ့ဘက်ကို ထိုးထွက်နေတဲ့ အကိုင်းကြီးကိုတွေ့လား! အဲဒီမှာ တို့ထိုင်ကြမယ်၊ အဲဒီကိုင်းမှာနေတဲ့ နတ်က ငါနဲ့ဘော်ဒါကွ၊ အခု သူမရှိဘူး၊ အဓိဋ္ဌာန်သွားဝင်နေတယ်၊ မင်းရဲ့လက်တစ်ဖက်က ငါ့ကို ကိုင်ထားပြီးတော့ အဲဒီကိုင်းကို သေသေချာချာကြည့်ပြီးရင် မျက်စိမှိတ်ပြီး အဲဒီကိုင်းကို စိတ်ထဲက မြင်အောင်ပြန်ကြည့် ဒါပဲ... လွယ်ပါတယ်'

ကျွန်တော် သူပြောတဲ့အတိုင်းလုပ်တာ ရင်ထဲမှာ 'လှပ်'ခနဲ တစ်ချက်ဖြစ်သွားပြီး မျက်စိဖွင့်လိုက်တော့ ကိုင်းပေါ်ကို ရောက်နေပြီခင်ဗျ။

'ကျွန်တော် ဘယ်လိုဖြစ်ပြီး ဒီလိုဘဝမျိုးကို ရောက်လာရတာလဲဗျာ... ခင်ဗျားသိလား! ခင်ဗျားမှာရော နာမည်ရှိလား...!'

'ငါ့နာမည်က လူ့ဘဝတုန်းက ကိုရွှေသာတဲ့၊ ဒီဘဝရောက်တော့ 'ဏီဂုန'တဲ့၊ ငါ့ကိုခေါ်ရင် ကိုရွှေသာလို့ပဲခေါ်ကွာ၊ ငါ အဲဒီနာမည်ကိုပဲ သဘောကျတယ်'

သူက အားကျိုးမာန်တက်ပြောတော့မှပဲ ကျွန်တော်လည်း လူ့ဘဝတုန်းကနာမည်ကို စဉ်းစားတာ စဉ်းစားလို့ မရတော့ဘူးခင်ဗျ။ ဒါနဲ့ ကိုရွှေသာကြီးကိုပဲ မေးရတယ်။

'ကျွန်တော် ဒီဘဝကို ဘယ်လို ရောက်လာတာလဲဆိုတာ ကိုရွှေသာကြီး သိတယ်ဆို... သိရင်ပြောပြစမ်းပါဗျာ'

'မင်း ဒီဘဝကို ရောက်လာပုံက နာဖို့ကောင်းတယ်ကွ၊ ဘာမဟုတ်တဲ့ ဗယာကြော်ကြောင့် ရောက်လာတာ...'

'ဗျာ... ဗယာကြော်... ဟုတ်လား!'

ကျွန်တော့်ဘဝဖြစ်စဉ် အကျဉ်းချုံးကို ကိုရွှေသာကြီးက ပြောပြပါတယ်။ တချို့အရာတွေကိုတော့ လုံးဝမမှတ်မိ၊ မှတ်မိတယ်ဆိုတာတွေကလည်း အိပ်မက်ကို ပြန်စဉ်းစားပြီး သိသလိုမျိုး ဝိုးတဝါးမှတ်မိပုံမျိုးပါပဲ။

mgyoe.com

mgyoe.com


သူမှတ်မိတာတွေက သူ့အဒေါ်၊ဒေါ်မိလှ၊ စုစုဟာန်နှင့် အမွေးတိုင်များ... ဒါတွေထဲမှာ အမှတ်မိဆုံးကတော့ စုစုဟာန်ဆိုတဲ့ နာမည်ကိုတော့ ကောင်းကောင်းမှတ်မိတာပေါ့။ အဲဒီ စုစုဟာန်ဆိုတာ ကျွန်တော့်ရည်းစားပဲလို့ ကိုရွှေသာကြီးကိုပြောတော့ ကိုရွှေသာကြီးက ပြုံးတယ်။ ပြီးတော့... 'ဟုတ်တာပေါ့ကွ၊ ဒီကောင်မလေးက ဒီလမ်းထဲမှာပဲ နေတာပဲ ဟောဟို အိမ်တန်းအဆုံးက သူတို့အိမ်ပဲ' လို့ ကိုရွှေသာကြီးက ပြောတယ်။

'တချို့ကိစ္စတွေကတော့ သိပ်မမှတ်မိဘူးဗျာ၊ အခု ကျွန်တော်က ဘာဆက်လုပ်ရမှာလဲ!'

'အခုလောလောဆယ်တော့ မင်း ဒီညောင်ပင်စောင့် ဘိုးဘိုးကြီးနဲ့ အရင်တွေ့ရမယ်၊ မင်းမှာက နေစရာနေရာမရှိတော့ နေရာချထားရေးဘုံဌာနကို သွားရမယ်၊ မင်း ဝိညာဉ်ကို မှတ်ပုံတင်ရမယ်...၊ ကျန်တာတွေကတော့ ဘိုးဘိုး ကြည့်စီစဉ်ပေးလိမ့်မယ် ထင်တာပဲ'

'အဲဒီ ဘိုးဘိုးက ဘယ်တော့ပြန်လာမှာလဲ!'

'နေမဝင်ခင် ပြန်လာမှာပါကွာ စိတ်မပူပါနဲ့'

ဒီတော့ ကျွန်တော်လည်း စိတ်ခပ်အေးအေးပဲ နေလိုက်တယ်။ စုစုဟာန်ဆိုတဲ့ ကောင်မလေးအကြောင်းကို စဉ်းစားတော့ တချို့ကိစ္စတွေကို ကျွန်တော် ပြန်မှတ်မိလာတယ်။

ဟုတ်တယ်၊ ကျွန်တော် သူ့ကို ဆံပင်ညှပ်တဲ့ ကလစ်ကလေးဝယ်ပေးဖူးတယ်၊ ဝက်ဝံရုပ်ကလေးပါတဲ့ ဆံပင်စည်းတဲ့ကြိုးကလေး ဝယ်ပေးခဲ့ဖူးတယ်၊ သူ ဗယာကြော် စားချင်တယ်ဆိုလို့ ဗယာကြော် လိုက်ဝယ်ပေးရတာတွေကို နည်းနည်းစီ ပြန်မှတ်မိလာတယ်။

'ကိုရွှေသာကြီး ကျွန်တော် စုစုဟာန်အကြောင်းကို တော်တော်လေး မှတ်မိလာပြီ၊ သူတို့အိမ်ကိုလည်း ကျွန်တော် မှတ်မိလာပြီ၊ ကျွန်တော် ခဏလောက် သွားကြည့်ချင်တယ်ဗျာ'

ကျွန်တော့်စကားကြောင့် ကိုရွှေသာကြီး လန့်သွားပုံရပါတယ်။ကျွန်တော့်ကို အရေးတကြီးလေသံနဲ့ ပြောတယ်။

mgyoe.com

mgyoe.com


'ဟာ...ယောကောင် မင်း သွားလို့မရသေးဘူး၊ မင်း ဘိုးဘိုးကြီးနဲ့လည်း မတွေ့ရသေးဘူး ပြီးတော့ မင်းက လူမဟုတ်တော့ဘူး၊ မင်းက အနိမ့်ဆုံး ဘုံမှာရှိတဲ့ သတ္တဝါတစ်ကောင်ဖြစ်နေပြီ၊ နတ်ငယ်ဆိုပါတော့ကွာ၊ ဒီတော့ မင်း နတ်စည်းကမ်းအတိုင်း နေရလိမ့်မယ်'

ကိုရွှေသာကြီးရဲ့ အထိတ်တလန့်စကားကြောင့် ကျွန်တော် တော်တော် စိတ်ပျက်သွားမိတယ်။

'နတ်စည်းကမ်းဆိုတာ ဘာတွေလဲဗျ'

'ဘိုးဘိုးရောက်လာတော့ မင်း သိမှာပေါ့ကွာ...'

ကျွန်တော် ဘာမှမပြောတော့ဘူး၊ ကျွန်တော် အခုရောက်နေတဲ့ လက်ရှိ ဘဝအတွက် ဘိုးဘိုးဆိုတဲ့ ပေါဒီညောင်ပင်စောင့်နတ်ကြီးက တော်တော် လေးအရေးကြီးတယ်လို့ပဲ မှတ်ထားလိုက်ပါတယ်။

ပြီးတော့ ကျွန်တော် ကိုရွှေသာကြီးအကြောင်းကို သိချင်လာတယ်။ ကျန်တဲ့နတ်တွေ အကုန်လုံး အစည်းဝေးနဲ့ တရားဝတ်ပြုသွားရပြီး သူက ဘာဖြစ်လို့ ကျန်နေခဲ့ရတာလဲ!လို့ မေးတော့ ကိုရွှေသာကြီး မျက်နှာမကောင်း ဖြစ်သွားတယ်။ နတ်မျက်နှာပျက်တာ တော်တော်ကြည့်ရဆိုးတယ်ခင်ဗျ၊ လူမျက်နှာပျက်တာထက်တောင် ဆိုးသေးတယ်။

'ဘိုးဘိုးက ငါ့ကို အခုထိ ရာထူးတိုးမပေးသေးဘူးကွာ၊ ငါ့ကို ညောင် ပင်စောင့်နတ်အဖြစ်နဲ့ပဲ ထားတယ်၊ ကိုယ်ရောင်ကိုယ်ဝါမပြောနဲ့ အင်္ကျီတောင် မရသေးဘူး၊ ဟိုးအရင်ဘဝတွေမှာတုန်းက ငါက ကထိန်မှာ သင်္ကန်းတွေ ဘာတွေ မလှူခဲ့လို့တဲ့'

'ဒါနဲ့ နေပါဦး ကိုရွှေသာကြီးကရော ဘယ်လိုလုပ်ပြီး ဒီညောင်ပင် မှာလာ နတ်ဖြစ်နေတာလဲ!'

'ငါ့နတ်သက်က ရာကျော်ပြီကွ၊ အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်က သိမ်းတော့ ငါတို့က ခံချကြတာ၊ ငါ့ကို ဒီကောင်တွေ ဖမ်းမိသွားတော့ ငါ့ကို ဒီညောင်ပင်မှာ တစ်ရက်နဲ့တစ်မနက် ချုပ်ထားပြီးတော့မှ သေနတ်နဲ့

mgyoe.com

mgyoe.com


ပစ်သတ်သွားလို့ ငါ ဒီညောင်ပင်မှာ စိတ်စွဲပြီး နတ်ဖြစ်တာ'

'ကျွန်တော်ကျတော့ ဒီညောင်ပင်ကို စိတ်မစွဲဘဲနဲ့ ဘာဖြစ်လို့ ဒီမှာ နတ်လာဖြစ်ရတာလဲ!'

ကျွန်တော့်စကားဆုံးတော့ ကိုရွှေသာကြီးက အားရပါးရကြီးကို ရယ်ပါတယ်။

'မင်း မမှတ်မိတော့လို့ပါကွ၊ မိုးတွေ တအားရွာတော့ မင်း ညောင်ပင်ခြေရင်းကိုကပ်ပြီး လက်အုပ်ကလေးချီရင်း ညောင်ပင်စောင့်နတ်ကြီးရယ် မိုးကို တိတ်ပေးပါလို့ ဆုတောင်းတာလေ...'

ကျွန်တော် ပြန်စဉ်းစားပေမယ့် သိပ်မမှတ်မိချင်တော့ပါ။

ဒီတော့ ကျွန်တော်လည်း ငြိမ်ငြိမ်ကလေးပဲ နေလိုက်ပါတယ်။ အဲဒီအချိန်မှာပဲ 'ဘိုးဘိုး... ပြန်လာပြီ' ဆိုတဲ့ ကိုရွှေသာကြီးရဲ့အသံကို ကြားရတယ်။ ချက်ချင်းပဲ ကိုရွှေသာက ကျွန်တော့်လက်ကို ကိုင်လိုက်တာနဲ့ ကျွန်တော်တို့ နှစ်ယောက်စလုံး ညောင်ပင်အောက်ကို ရောက်သွားပါတယ်။

ကျွန်တော်ဟာ ဘိုးဘိုးကို မျက်တောင်မခတ်ကြည့်နေမိတယ်။ ဘိုးဘိုးရဲ့ မျက်နှာဟာ တည်ငြိမ်အေးချမ်းပြီး မျက်ဝန်းတွေကတော့ စူးရှတောက်ပနေတယ်။ အဝါရောင်ဖြာထွက်နေတဲ့ အင်္ကျီပွပွကို ဝတ်ဆင်ထားပြီး ဦးခေါင်းမှာလည်း မကိုဋ်တစ်ခုကို ဆောင်းထားပါတယ်။

ဘိုးဘိုးက လက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်တော့မှ ညောင်ပင်ကုန်းဟာ နတ်နန်းပုံစံပြောင်းသွားပြီး အရောင်စုံအသွေးစုံ နတ်တွေ တစ်ပါးစီ နှစ်ပါးစီ စသည်ဖြင့် ပေါ်လာပါတယ်။ နတ်တစ်ပါးပေါ်လာတိုင်း ကျွန်တော်နဲ့ ကိုရွှေသာကြီးတို့က သူ့အလိုလို နောက်ကို ရွှေ့ရွှေ့သွားတယ်ခင်ဗျ။

လူ့လောကသဘောနဲ့ ပြောရရင်တော့ အစည်းအဝေးတွေ ဘာတွေလုပ်တဲ့အခါ လူကြီးရဲ့ရှေ့မှာ သာမန်စာရေးတစ်ယောက် ဝင်ထိုင်ခွင့်မရှိသလိုပါပဲ။

နတ်အသီးသီးစုံတော့ ဘိုးဘိုးက လက်တစ်ဖက် ဝှေ့ရမ်းလိုက်တာနဲ့

mgyoe.com

mgyoe.com

ကျွန်တော်နဲ့ ကိုရွှေသာကြီးတို့နှစ်ယောက် ဘိုးဘိုးရဲ့အနားကို အလိုလိုရောက် သွားရော၊ ကျွန်တော်ကတော့ အံ့သြနေရတာနဲ့ပဲ မှင်တက်နေမိတယ်၊ ဟုတ်တယ်လေ ကျွန်တော်တို့လူ့လောကမှာ ဒါမျိုး မြင်မှမမြင်ဘူးတာကိုး။

'အခု နတ်ငယ်ကိစ္စကို ရွာတော်ရှင်ဘိုးဘိုးကို တင်ပြပြီးပြီ၊ သူ့မှာ ဒီမှာရှိတဲ့နတ်တွေနဲ့ အထုံရေစက် အများကြီးရှိနေတယ်၊ သူ့ရက်လည်တရားပွဲမှာ ကျွတ်မယ့်နတ်လည်း ရှိသလို၊ ပါဝါတိုးမယ့်နတ်တွေလည်း အသီးသီးရှိတယ်၊ သာဓုခေါ်ခွင့်ရတဲ့နတ်က အမြတ်ဆုံးပဲ၊ သူ့ရက်လည်တရားပွဲကို ချမ်းအေးဆရာတော်ကြီးကိုယ်တိုင် အမျှပေးမှာမို့ သာဓုခေါ်ခွင့်ရဖို့ တက်ရမယ့် စာရင်းကို ရွာတော်ရှင်ဘိုးဘိုးက ကြော်ငြာလိမ့်မယ်၊ အခုလောလောဆယ် ဒီနတ်ငယ်ကိုတော့ မောင်ဏီဂုနကပဲ တာဝန်ယူထားရလိမ့်မယ်'

ဘိုးဘိုးက စည်ပင်သာယာမှ လမ်းနံဘေးဓာတ်ကြိုးများနှင့် မလွတ်သဖြင့် ခုတ်လှဲခြင်းခံရသော ထိန်ပင်တွင်နေတဲ့ရုက္ခစိုးနှင့် နတ် ၃-ပါးတို့အတွက် ထန်းပင်ကို ပေးပါတယ်။

'အစိုးရမင်းအမိန့်နဲ့ ခုတ်တယ်ဆိုတော့ ငါတို့လည်း ဘာမှ မတတ်နိုင်ဘူးကွယ့်၊ အပင်အစားပေးဖို့ကလည်း ဒီအပင်ပဲရှိလို့ ပေးရတာ၊ ထန်းပင်ဆိုတာက အစကတည်းက အစိုးရမင်းပိုင်မို့ မင်းတို့ စိတ်လက်ချမ်းသာ နေရမှာပါ'

'ဟုတ်ကဲ့ပါ ဘိုးဘိုး'

'မောင်ဏီဂုန မနက်ဖြန် နတ်ငယ်ကို လုပ်စရာရှိတာတွေ အားလုံး အဆင်ပြေအောင် လုပ်ပေးလိုက် ကြားလား!'

'ဟုတ်ကဲ့ စိတ်ချပါ ဘိုးဘိုး'

ဘိုးဘိုးက လက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်ရာ နတ်အသီးသီး ထွက်ခွာသွားကြပြီး အစည်းအဝေးသဘင် အဆင်အယင်တွေလည်း ပျောက်သွားရောခင်ဗျ၊ ကျွန်တော်ကတော့ အံ့သြပြီးရင်း အံ့သြနေရတာပါပဲ။

'ဟော့လူ ကိုရွှေသာကြီး... ကျွန်တော့်ကို ဘိုးဘိုးက...'

mgyoe.com

'ဟာ… ဟော့ကောင် ငါ့ကို ဘယ်လိုတွေ လျှောက်ခေါ်နေတာလဲ'

'ဟင်… ကျွန်တော် ဘာခေါ်လို့လဲ ကိုရွှေသာကြီးပဲခေါ်တာ'

'ဟော့လူ… လို့ မင်းဘာဖြစ်လို့ ခေါ်ရတာလဲ! မခေါ်ရဘူးကွ၊ လူက ငါတို့ထက် အဆင့်အများကြီးမြင့်တယ်၊ ဘယ်လောက်ဆင်းရဲတဲ့ လူဖြစ်ဖြစ် ငါတို့ထက် အဆင့်အတန်းမြင့်တယ်'

'ဘိုးဘိုးကြီးတို့နဲ့ ဆိုရင်ကော'

ကျွန်တော့် အမေးစကားကြောင့် ကိုရွှေသာကြီး တော်တော်စိတ်ညစ်သွားပုံပါပဲ။ ကိုရွှေသာကြီးက ကျွန်တော့်အမေးကိုဖြေဖို့ တစ်ချက်စဉ်းစားတယ်။ စဉ်းစားတာမှ သတိကြီးကြီးထားပြီး စဉ်းစားနေတဲ့ပုံစံမျိုးခင်ဗျ။

'ဒီလိုကွ… အင်း… နေစမ်းပါဦး'

ကိုရွှေသာကြီးက သူ စဉ်းစားလို့ရတဲ့အဖြေကို စိတ်တိုင်းကျပုံ မရလို့ သူ့ကိုယ်သူ 'နေစမ်းပါဦး' ဆိုပြီး ဘရိတ်အုပ်လိုက်ပါတယ်။

'ဒီလိုကွာ ဘိုးဘိုးတို့က ငါတို့ထက် အဆင့်အများကြီးမြင့်တော့ လူတွေကို ကူညီခွင့်ရတယ်၊ ရတနာ ၃-ပါးနဲ့အညီနေတဲ့ လူတွေဒုက္ခရောက်တော့မယ်ဆိုရင် ဘိုးဘိုးတို့က တန်ခိုးနဲ့ကူညီကြတယ်'

'ဟာ… ဒါဆို ဘိုးဘိုးမှာ တန်ခိုးရှိတာပေါ့'

'ရှိတာပေါ့ကွ၊ ရှိလို့ လက်တစ်ဖက် ရမ်းလိုက်တာနဲ့ နတ်သဘင်ချက်ချင်းပေါ်လာတာ မင်း မတွေ့ဘူးလား!'

'အင်း… ဟုတ်တယ်နော်'

'ဒါပေမယ့် အဲဒီတန်ခိုးကို မသုံးသင့်ပဲသုံးရင် ဘိုးဘိုးတို့လည်း အပြစ်ပေးခံရတယ်'

'ဟင်… ဒါဆို ဘိုးဘိုးတို့ထက်ကြီးတဲ့ နတ်တွေလည်း ရှိသေးတာပေါ့နော်'

'ရှိတာပေါ့ကွ၊ ဘိုးဘိုးတို့အထက်မှာ နတ်တွေ ကုဋေကုဋာ၊ ကတွတ်လောက်ရှိတယ်'

mgyoe.com

mgyoe.com

'ကုဋ္ဌေကဋ္ဌာကတော့ ထားပါတော့၊ ကတွတ်ဆိုတာက ဘာလဲဗျ၊ ဘယ်လောက်ကို ပြောတာလဲ!'

'မင်းက တော်တော်ကြဲ့ကြဲ့ဖန်ဖန် မေးတဲ့ကောင်ပဲ၊ ငါလည်း ကာရံကလေးငဲ့ပြီး ပြောတာပါကွာ၊ ကတွတ်ဆိုတာက ကဋ္ဌာထက်များတယ်ပေါ့ကွာ'

ကိုရွှေသာကြီးစကားဆုံးတော့ ကျွန်တော်တို့နှစ်ယောက် အဲ... နှစ်နတ်ပေါ့လေ အားရပါးရကြီးကို ရယ်ပစ်လိုက်ကြတယ်။

■

mgyoe.com

## အခန်း (၃)

စုစုဟာန်ရဲ့မျက်နှာဟာ စိတ်ညစ်ပြီး ဒေါသဖြစ်နေတယ်။ ဝမ်းနည်းပြီး ထိတ်လန့်နေတယ်။ သူကိုယ်တိုင် ကိုယ့်ဘာသာပြောနေတဲ့ အားတင်းစကား တွေကို သူ့ဝိညာဉ်က လက်မခံဘူးဖြစ်နေတယ်။

ဟုတ်တယ်...ငါက ဇယာကြော်မှာတာပဲ၊ သူ့ကို ညောင်ပင်အောက်မှာ ဒီလောက်ရွာနေတဲ့ မိုးထဲမှာ ရပ်ပြီးစောင့်ခိုင်းထားတာမှ မဟုတ်ပဲ၊ သူ့ဘာသာ သူ စောင့်တာတော့ ဘယ်တတ်နိုင်ပါ့မလဲ!။

အဲဒီအတွေးစကားတွေနဲ့ သူ့ကိုယ်သူ နှစ်သိမ့်ပေမယ့် အောင်မြင်မှု မရခဲ့ပါဘူး။ သူ့ကိုယ်သူလည်း မယုံပါဘူး။

'ငါအဲဒီနေ့က နင်တို့နဲ့လမ်းခွဲပြီးတော့ မူယာတို့အိမ် ခဏဝင်သေးတယ်၊ ငါပေးထားတဲ့ပိတ်စကို ချုပ်ဖို့ အင်္ကျီဒီဇိုင်းကို သိပ်မကြိုက်လို့ ရွေးနေတာ၊ တော်တော်ကြာတယ်၊ မိုးတွေအုံ့တော့မှ ငါပြန်လာတာ၊ ညောင်ပင်မှာ ဘယ်သူမှ မရှိပါဘူး၊ ငါအိမ်ရောက်ပြီး အဝတ်အစားလည်း လဲပြီးရော လေရောမိုးရော ရွာချတာပဲ၊ ဒီတော့ ငါလည်း သူလာတော့မယ်လို့ ဘယ် ထင်ပါ့မလဲ!'

ကျော်စွာဦးကားနဲ့ ပါသွားတဲ့အချိန်ကို မူယာတို့အိမ်နဲ့ လွဲပေးလိုက်တယ်။ စုစုဟာန်ပြန်လာတော့ ညောင်ပင်ကုန်းမှာ ကောင်းဇော်ကို မတွေ့တာအမှန်ပဲ၊

mgyoe.com

ကိုယ့်ဆရာက လက်ဆွဲဗယာကြော်ကို ဘီအိုစီထိပ်အထိလိုက်၊ ပူပူနွေးနွေး ရအောင်စောင့်တာတွေ လုပ်နေတာကိုး။

'နင်က ကိုယ်တိုင်မှာထားတာ၊ အဖြေကလည်း ဒီနေ့မှရတာဆိုတော့ ကောင်းဇော် လာကိုလာမယ်ဆိုတာ နင်သိသင့်တာပေါ့၊ ညောင်ပင်ကုန်းနဲ့ နင့်အိမ်ကလည်း သိပ်ဝေးတာမှ မဟုတ်တာ၊ တစ်မိနစ်လောက်လျှောက်ရင် ရောက်တဲ့ဥစ္စာ နင် သွားကိုကြည့်သင့်တယ်'

ထွေးထွေးရဲ့စွဲချက်က စုစုဟန်ကို မလှုပ်နိုင်အောင် ချည်ထားလိုက်သလို ဖြစ်သွားတယ်။

'ဟုတ်တယ်၊ နင်သာ သွားကြည့်ရင် ကောင်းဇော် မသေဘူး'

မိသိန်းက မျက်ရည်ဝဲရင်း ငိုသံသဲ့သဲ့ဖြင့် ပြောသည်။

'နင်က ထမင်းနဲ့စားမယ်လို့ ပြောထားတော့ နင်ကျိန်းသေထွက်လာမှာ ပဲဆိုတဲ့စိတ်နဲ့ ဒီကောင်စောင့်တာ၊ ငါသာဆိုရင် နင့်အိမ်ကိုလာပေးပြီး အိမ်က ထီးငှားပြီးပြန်တယ်'

'အေး...နင်တို့ ငါ့ကို ကြိုက်သလိုသာ စွပ်စွဲကြပါတော့ဟာ၊ ငါဟာ ကောင်းဇော်ကို ဘာ့ကြောင့် သေအောင်လုပ်ရမှာလဲ! ငါကသူ့အပေါ် သံယော ဇဉ်ကနေ အချစ်ထိပြောင်းလဲပြီးပြီပဲ၊ ကိုယ့်ချစ်သူကို ကိုယ်က သေစေချင်ပါ့ မလား! သူ့ကံကြမ္မာဆိုးလွန်းလို့ ဒီနေ့ချစ်သူဖြစ်ပြီး ဒီနေ့သေရတာ ငါ့ရင်ထဲမှာ ရောကောင်းတယ်လို့ ထင်ကြလို့လားဟယ်'

စုစုဟန်လည်း အေးမာကိုဖက်ပြီး အားရပါးရ ငိုပြီးပြောတော့ ကျန်တဲ့ သူငယ်ချင်းတွေလည်း ငိုကြတယ်။

သူတို့ပြောကြတဲ့ စကားတွေက တစ်ဦးစီအမြင်တစ်ခုစီနဲ့ မှန်ကြတာပါပဲ။

လူတစ်ယောက်ရဲ့ ကံကြမ္မာက တစ်ခါတလေ တော်တော်အံ့သြဖို့ ကောင်းပါတယ်။

♦

mgyoe.com

mgyee.com

ကျွန်တော့်အိမ်ပေါက်ဝကို ရောက်တော့ ခြံစောင့်နတ်မင်းက ရှေ့က ရပ်တာတွေ့ပါတယ်။ ဒါပေမယ့် ဘိုးဘိုးနဲ့ အစည်းဝေးမှာ သူ့အကြောင်း ပြောတာကြားပြီးတဲ့အတွက် တားဖို့တော့ မဟုတ်ပါဘူး။

'သိပ်ဖေဘော့ မကြာစေနဲ့ကွာ'

'ဟုတ်ကဲ့ပါခင်ဗျ၊ ရက်လည်ဆွမ်းပြီးရင် ဝင်လို့မရတော့ဘူး ဆိုလို့ပါ'

'ငါ မင်းကို ဘိုးဘိုးအမိန့်ကြောင့် မတားပါဘူး၊ သတိပေးရုံပါ၊ ရွှေသာကြီး မင်းကရော လိုက်ဦးမလို့လား!'

'အေးပေါ့ကွ၊ သူတစ်ယောက်တည်း ဘယ်ဖြစ်ပါ့မလဲ!'

ကျွန်တော်တို့ခြံထဲဝင်လိုက်တော့ အိမ်ရှေ့မှာ ကုလားဖျင်းထိုးပြီးနေပါပြီ။ ကျွန်တော်တို့ လမ်းနဲ့ ဟိုဘက်လမ်းထဲက ကလေးတွေ ကိုးမီးနဲ့ ဘူကြီး ဆော့နေကြတယ်။ ငါးကျပ်၊ တစ်ဆယ်ဝိုင်းပါ။ အဲဒီဝိုင်းထဲမှာ အဝတ်လျှော် တဲ့ ဒေါ်ဘုမကြီးကို ငုတ်တုတ်ထိုင်ရင်း ကလေးတွေနဲ့ ငြင်းလိုက်ဆော့လိုက် လုပ်နေတော့ ကျွန်တော် တော်တော်ကလေး ရယ်ချင်သွားတယ်။

mgyee.com

mgyoe.com

ဒေါ်ဘုမဆိုတာက ကျွန်တော်တို့ ရပ်ကွက်ထဲမှာ အဝတ်တွေ ဘာတွေ လည်း လျှော်တယ်၊ နင်းနှိပ်လည်း ပေးတယ်။ အလှူတို့ အသုဘတို့ရှိရင် သူ့အိမ်ကို မပြန်တော့ဘဲ ခိုင်းချင်ရာခိုင်း ကူလုပ်ကိုင်ပေးပြီး အဲဒီက ကျွေးတာ စား၊ အဲဒီအိမ်မှာ အိပ်ပဲ။

ကလေးဝိုင်းကို ခဏကြည့်ပြီးတော့ ကျွန်တော် အိမ်ပေါ်တက်ခဲ့တယ်၊ ကိုရွှေသာကြီးက တိုးတိုးကပ်ပြီး သတိပေးပါတယ်။ 'ဘုရားကို အာရုံပြု၊ ပြီးရင် အိမ်တွင်းမင်းမဟာဂီရိဘိုးဘိုးဆီ ခွင့်တောင်း...'တဲ့။

ကျွန်တော်လည်း ကိုရွှေသာကြီးပြောတဲ့အတိုင်း လုပ်လိုက်ပါတယ်။ ကျွန်တော်လည်း အာရုံပြုပြီးရော... 'ကိုယ့်အိမ်ကိုယ့်ရာဆိုတော့ ရတ်တရက် မခွဲခွာနိုင်တာ သဘာဝပါပဲ၊ အနှောင့်အယှက် မပေးဘဲနဲ့ အလွမ်းပြေသဘော နဲ့ ကြည့်ပါ...' တဲ့။

ငြင်သာတိုးတိတ်တဲ့ အသံကိုပဲကြားရတာပါ။ အသံရှင်ကိုတော့ မတွေ့ ရပါဘူး။ ဘုရားစင်ရှေ့မှာတော့ ပိုကာဝိုင်းတစ်ဝိုင်းကို တွေ့ရတယ်။ ရှေ့မှာ ချထားတဲ့ ပိုက်ဆံအရဆိုရင်တော့ ငါးရာပတ်လည်လောက် ရှိမယ်ထင်တာပဲ။

အဲဒီအချိန်မှာပဲ မိန်းမကြီးတစ်ယောက်က ပစ်ဖဲနဲ့ ဒေါင်းသွားတယ်။ တစ်ဝိုင်းလုံး ဆူညံသွားတာပဲ။

'ဘောဖဲစမ်းနေမှကွာ၊ မိသွယ် နင်ပစ်တာ ထွက်ဖဲ ကြည့်ပြီးပစ်မှပေါ့'

'ဖြူဖွေးရဲ့ အဲဒီလောက်တော့ ငါလည်းသိတာပေါ့၊ ငါလည်း ၂လမ်း ပွင့်ဝင်ဒေါင်းပဲ စပိတ်တစ်ရယ် ဟပ်တစ်ရယ် ဟပ်နှစ်ရယ်ပဲ ထားရမှာပေါ့၊ ဟပ် ၂-တက်လာတော့ ငါကိုင်ထားပြီး ပိုဖဲပစ်ချတာ ဘာဖြစ်လဲ!'

သူတို့နှစ်ယောက်စကားများနေတုန်း ဒေါင်းသွားတဲ့ ထက်ထက်ဆိုတဲ့ ခပ်ဝဝအန်တီကြီးက မဆွဲလိုက်ရတဲ့ဖဲကို ဆွဲပြီးရိုက်ချလိုက်တော့ အားလုံးက ဝိုင်းအော်လိုက်ကြတယ်။ အော်မှာပေါ့ ဂျိုကာကြီးဖြစ်နေတာကိုး...။

'အမလေး... နို့မို့ဆို ပူးဒေါင်းဒေါင်းမှာ ရော့ မိသွယ် နင့်ဟပ်သုံးပြန် ယူ ငါဆွဲပဲ ဆွဲလိုက်တော့မယ်'

mgyoe.com

mgyoe.com


မိသွယ်ဆိုတဲ့ အန်တီလေးက အလုံးဖိုးတွေ ခပ်သွက်သွက်ပေးရင်း ယူရင်း ဖြူဖွေးဆိုတဲ့လူကို ဘယ်လိုလဲ! ဆိုတဲ့ စိန်ခေါ်တဲ့အကြည့်နဲ့ ကြည့်တယ်။ ဖြူဖွေးလည်း ဘာမှ မပြောသာတော့ဘူးလေ။

ဖြူဖွေးက အခုလှည့်မှ ဘေဖဲစမ်းမှာ သူ့လက်ထိပ် ထက်ထက်အိမ်က ပိတ်ခေါင်းသွားတော့ သူ့ဖဲကလေးတွေကို သူ ဘယ်လောက်မြတ်နိုးနေသလဲ ဆိုတော့ ခုထိ အောက်ကိုမချသေးဘဲ ကိုင်ပြီး နှမြောနေပုံရတယ်။

'ကဲ... ဖြူဖွေး နှမြောတော်မူမနေနဲ့၊ ဒီမှာ ကုလားဖန်ထိုးနေပြီ ပေးတော့'

မိသွယ်ဆိုတဲ့ အန်တီလေးက လက်ထဲကဖဲတွေကို ဆွဲယူတော့မှ စိတ်မကောင်းခြင်းကြီးစွာဖြင့် ပေးလိုက်ပါတယ်။

ပိုကာဝိုင်းကိုကြည့်ရတာ ပျင်းစရာကောင်းတာနဲ့ ကျွန်တော်နေခဲ့တဲ့ အခန်းကလေးကို သတိတရ ဝင်ကြည့်တယ်။

အခန်းထဲကိုဝင်လိုက်တော့ တိတ်ပြီးငြိမ်နေတဲ့ လူခြောက်ယောက်ကို တွေ့ရတယ်။ တစ်ယောက်က အကောက်ကောက်ပေးတဲ့သူပါ။ ရှေ့မှာထပ်ထားတဲ့ ပိုက်ဆံတွေနဲ့ အလယ်မှာခေါ်ထားတဲ့ ပိုက်ဆံတွေကိုကြည့်ရင် ပွဲဟာ ပွဲကြမ်းပွဲရမ်းဆိုတာ သိသာပါတယ်။

ဝမ်းနည်းစရာကောင်းတာကတော့ ကျွန်တော့်အခန်းထဲမှာ ဘာပစ္စည်းမှ မရှိတော့ဘူး၊ တစ်ယောက်အိပ်ခုတင်လေးလည်း မရှိတော့ဘူး၊ စာအုပ်စင်၊ အင်္ကျီလေးဘာလေးထည့်တဲ့ ဗီရိုသေးသေးကလေး၊ ပြီး အင်္ကျီလှမ်းတဲ့တန်းနဲ့ အင်္ကျီချိတ်တွေ၊ ကျွန်တော့်အခန်းဟာ ကျွန်တော်မမြင်ဘူးတဲ့ နေရာတစ်ခုဖြစ်နေတယ်။ မြင်နေကျအရာတွေ၊ ရှိနေကျအရာတွေ မရှိတော့တဲ့ ဟာလာဟင်းလင်းဒေသဖြစ်နေတယ်။ ကျွန်တော့်ရင်ထဲမှာ ဆို့နေတယ်ဗျာ။ အင်းပေါ့လေ မရှိတော့တဲ့ လူတစ်ယောက်အတွက်တော့ ဒါဟာ သဘာဝကျပါတယ်လို့ပဲ တွေးမိတယ်။

FOREVER ဂျာနယ်ထဲမှာပါတဲ့ ဆာဗီးယားနိုင်ငံက တင်းနစ်အလှမယ် အိုင်ဗန်နိုဗစ် ရဲ့ပုံလည်း မရှိတော့ဘူးခင်ဗျ။

mgyoe.com

mgyoe.com


'ရှိး... ကွာ...'

ကျွန်တော်ရပ်ကြည့်နေတဲ့ ဘေးနားကလူက အော်တာပါ၊ အော်ရင်း သူ့အောက်မှာပုံနေတဲ့ ပိုက်ဆံတွေကို လက်ဝါးနဲ့ ရိုက်လိုက်သေးတယ်။ အခြေအနေကိုကြည့်တော့ ရှိုးခေါ်တဲ့လူရဲ့ လှန်ဖဲက စီရီးဆင်ပါ။ ဆယ်၊ ဂျက်၊ ကင်း၊ ကွင်း ခင်ဗျ။

အောက်ဖဲက ကိုးနဲ့တစ်ဆို ဒီလူစားပြီပေါ့။

ဝိုင်းကိုကြည့်လိုက်တော့လည်း တစ်ပွင့်တဲ့အိမ်တစ်အိမ်ရယ်၊ ကင်းပွင့်တဲ့ အိမ်တစ်အိမ်ရယ် ရှိတယ်။ တစ်က သုံးပြားထွက်နေပြီး ကိုးက ၂-ပြားပဲ ထွက်တယ်။ အဲဒီမှာ လှန်ဖဲတစ်ပွင့်နေတဲ့အိမ်က တော်တော်လေး စဉ်းစားရ ကြပ်နေတယ်။ သူက တစ်ပွင့်ဂျက်ပွင့်နဲ့ ၂-ပယ်ကျနေတာကိုး။ ကင်းပွင့်တဲ့ အိမ်ကလည်း ကင်းသုံးလုံးခင်ဗျ။ သူကလည်း သူ့ဖဲကို မစွန့်ချင်ဘူး ဝိုင်းက ငြိကြပြီပေါ့။

'ကိုရွှေသာကြီး ဘယ်လိုလဲဗျ၊ ခင်ဗျားမြင်ရလား! ဒီပါဝါလောက်တော့ ကိုရွှေသာကြီးဆီမှာ ရှိတယ်မဟုတ်လား!'

'မြင်တာပေါ့ကွ စီရီးသမားက ဖိန့်နေတာ သူ့အောက်မှာ ကွင်းကြီးကွ ကွင်းပွင့်ပဲရှိတာ အဆင်ကလှနေလို့'

'ပြေးထားတဲ့ အိမ်ရဲ့မှောက်ဖဲမှာ တစ်နဲ့ကိုးနော်'

'အေး... ဟုတ်တယ်'

'လိုက်တယ်'

တစ်ပွင့်သမားလိုက်တယ်ဆိုတော့ စီးရီးဆင်သမားမျက်နှာ မဆို သလောက် ကလေးပျက်သွားတယ်။ သွားပြီပေါ့ သူ အမြင့်ပွင့်ကိုတောင်မှ မနိုင်တာ။

'လိုက်တယ်'

ကင်းသုံးလုံးသမားက အော်ရင်း ကင်းတစ်လုံးကို ဆွဲလှန်ပြလိုက်တယ်။ စီရီးသမားက သူ့ဖဲကို မပြတော့ပဲ ကောက်သိမ်းပြီး ဘယ်လောက်လဲလို့

mgyoe.com

mgyoe.com


မေးတယ်။ သုံးသောင်းရှစ်ထောင့်ငါးရာတဲ့၊ အလယ်က ပိုက်ဆံနဲ့ဆို ဒီလူ တစ်ပုံးကျော်လောက်မ,သွားတာပေါ့။

ကျွန်တော်လည်း အခန်းကလေးကို တစ်ချက်ဝေ့ကြည့်ရင်းစိတ်မကောင်း ဖြစ်နေမိတယ်၊ အခု ရှိုးကစားနေတဲ့လူတွေအတွက် ခင်းပေးထားတဲ့စောင်က ကျွန်တော် ခြုံနေကျစောင်ကလေးပါ။

ကျွန်တော်အခန်းထဲမှာ မနေချင်တော့တာနဲ့ အိမ်နောက်ဖေးဘက်ကို ထွက်ခဲ့တယ်။ အိမ်နောက်ဖေးကိုရောက်တော့မှ ကျွန်တော့်ဒေါ်သကပေါက်ကွဲ တော့တာပါပဲ။

ကျွန်တော့်အဒေါ်ရဲ့သမီး အကြီးမက ကျွန်တော် ခြစ်ချုပ်ကပ်သပ်ပြီး စုထားတဲ့ငွေနဲ့ ဝယ်ထားတဲ့စာအုပ်တွေကို ဖြဲဖြဲပြီး ရေနွေးအိုးတည်ဖို့ မီးမွေးနေ တယ်ခင်ဗျ။

အခု သူ့လက်တစ်ဆုပ်စာ အားရပါးရဖြဲပြီး မီးမွေးနေတဲ့စာအုပ်က ဆရာ မြသန်းတင့် ဘာသာပြန်တဲ့ မာဂရစ်ပစ်ချယ်ရဲ့ လေရူးသုန်သုန်စာအုပ်ဗျာ။

ဘေးမှာလည်း စီထပ်ထားတာ ကျွန်တော့်စာအုပ်တွေ တစ်ထပ်ကြီး ဒါတွေကိုလည်း မီးမွေးပစ်မယ်ပေါ့လေ။ ကျွန်တော့်တစ်ကိုယ်လုံးဟာ ဒေါသ ကြောင့် ဖောင်းကားလာပြီး စာအုပ်ထပ်ကြီးကို ပြေးကန်လိုက်တာ စာအုပ်တွေ ဖယိုဖရဲလွင့်စင် ထွက်ကုန်တာပဲဗျို့၊ ကိုရွှေသာကြီးလည်း ရုတ်တရက်ဆိုတော့ ကျွန်တော့်ကို မဆွဲလိုက်နိုင်ဘူး။

ဒီတော့ စာအုပ်နဲ့မီးမွေးနေတဲ့ အဒေါ့်သမီးလည်း ငယ်သံပါအောင်အော် ပြီး အိမ်ရှေ့ကိုထွက်ပြေး၊ ဝရုန်းသုန်းကားတွေဖြစ်။ ဖဲဝိုင်းကလူတွေ ပြန့်ကျဲ နေတဲ့စာအုပ်တွေကို ကြည့်ပေါ့လေ။

'နတ်ငယ် မင်းကွာ… မင်း ငါ့ကိုတော့ ဘိုးဘိုးက ဆူတော့မှာပဲ'

'ကျွန်တော်လည်း စိတ်ထိန်းလို့ကို မရတော့လို့ပါဗျာ၊ ဒါနဲ့ ကျွန်တော့်မှာ ဘာပါဝါမှ မရှိဘူးဆို'

'စိတ်ဓာတ်အားပြင်းလွန်းရင် တစ်ခါတလေရတယ်ကွ'

mgyoe.com

mgyoe.com


ဝိုင်းကြည့်နေတဲ့ လူတွေလည်း စာအုပ်တွေကို သွားမကောက်ရဲကြဘူး။

'အင်း... ဒီစာအုပ်တွေက သူ သိပ်မြတ်နိုးတဲ့စာအုပ်တွေ နင်က မီးသွားမွှေးတာကိုး၊ ဒါဆိုရင် ငါ့တူလေး မကျွတ်သေးဘူးထင်ပါရဲ့ကွယ်၊ ဘုရား... ဘုရား'

♦

mgyoe.com

mgyoe.com

ကောင်းဇော်က သူအနှစ်သက်ဆုံးစာအုပ်တွေကို ဖြဲပြီးမီးမွှေးနေသော... သူ့နှမဝမ်းကွဲကို လည်ပင်းကိုညှစ်ပြီး စာအုပ်ပုံကို ကန်ပစ်လိုက်သည်ဟု တချို့ကပြောပြီး တချို့ကတော့ ကောင်းဇော်သည် လျှာကြီးတန်းလန်းနှင့် မီးမွှေးနေသော သူ့နှမဝမ်းကွဲကို ထုတ်ပြပြီး စာအုပ်တွေကို ထိုလျှာကြီးနှင့်ပဲ လှမ်းယူတာဟု ပြောကြပါတယ်။

ဘာပဲဖြစ်ဖြစ် ကောလဟာလတွေ ဘယ်လိုပဲပေါ်ပေါ် သူတို့ဆိုလိုချင်တဲ့ သဘောကတစ်ခုပါပဲ။ ကောင်းဇော် မကျွတ်ဖူးပေါ့။

အဲဒီစကားကြောင့် တုန်လှုပ်ရသူကတော့ စုစုဟန်ပါ။ ဟုတ်တယ်လေ သူက နေ့စဉ် ဒီညောင်ပင်ရှေ့ကနေ ဖြတ်ဖြတ်နေရတာကိုး၊ အမွေးတိုင်ရုံကို အသွားမှာတော့ သူ့ဦးလေးက လိုက်ပို့တတ်ပြီး အပြန်ကိုတော့ အေးမာ၊ ထွေးထွေးနဲ့ မိသိန်းတို့က သူ့ကို အိမ်အထိလိုက်ပို့ကြတယ်။

ဒါကလည်း ခဏတာပါပဲ။ လူဆိုတာ အတ္တဟိတ၊ ပရဟိတဆိုတာ ရှိတယ်မဟုတ်လား! ဒီတော့ သူတို့တွေရဲ့အတ္တနဲ့ ယှဉ်လာတဲ့အခါ သူတို့ အတ္တကိုပဲ ဦးစားပေးကြတာပေါ့။

mgyoe.com

mgyoe.com


စုစုဟန်တစ်ယောက်တည်း ပြန်ရတဲ့နေ့ဆို ညောင်ပင်ကုန်းနားရောက်တာနဲ့ မျက်စိကိုမှိတ်ပြီး မပြေးရုံတမယ် သွားရတယ်၊ ရင်တွေလည်း ခုန်ရတာ တဒိန်းဒိန်းပဲ။

ဒီကြားထဲ သူတို့ရပ်ကွက်လမ်းလူကြီးက တစ်အိမ်တစ်ရာလိုက်ကောက်ပြီး ညောင်ပင်မှာ နတ်စင်ကလေးရိုက်ပြီး ဘုရားပုံတော်ရယ် (ပြက္ခဒိန်ရှေ့အဖုံးက ယူထားတာ)၊ ရေချမ်းသုံးခွက်၊ ပန်းအိုးတစ်အိုးနဲ့ အမွှေးတိုင်ထွန်းတဲ့ မြေခွက်ကလေးပါ ရိုက်ထားလိုက်တော့...လူတွေက ညောင်ပင်ကုန်းဟာ ပိုကြောက်စရာဖြစ်သွားရောခင်ဗျ။

♦

'စုဟန်လေးက ဘာဖြစ်လို့ အလုပ်ကနေ ထွက်ချင်ရတာလဲ!'

ကျော်စွာဦးက ကားကို ဖြေးဖြေးမောင်းရင်း မေးပါတယ်။ စုဟန်က အရင်တုန်းကလို နောက်ခန်းမှာ မထိုင်တော့ပါဘူး၊ ရှေ့ခန်းကိုရောက်နေပါပြီ။

'စုဟန်နဲ့ သူနဲ့က အလုပ်သွားအလုပ်ပြန် အတူတူလေ... အဲဒီတော့ တခြားလူတွေထက်စာရင် ရင်းနှီးမှုပိုများတယ်၊ အခုသူ မကျွတ်ဘူးဆိုတာ တစ်ရပ်ကွက်လုံးက ပြောနေကြတော့ စုဟန် ကြောက်တာပေါ့၊ အလုပ်ကို အသွားအပြန်က အဲဒီညောင်ပင်ကုန်းရှေ့ကနေ ဖြတ်ဖြတ်နေရတာ...စုဟန် အရမ်းကြောက်တယ် အဲဒါကြောင့်ပါ'

ကျော်စွာဦး ပြုံးပါတယ်။

ကျော်စွာဦးပြုံးပုံက ဘုရားပွဲဈေးတန်းမှာ ကလေးတစ်ယောက်က သူလိုချင်တဲ့အရုပ်သည်ရှေ့မှာ မတ်တပ်ရပ်ပြီး မိဘတွေက ကြိုက်တာရွေးလို့ အပြောခံရတဲ့ကလေးရဲ့ အပြုံးမျိုးပါ။

'သူက မင်းကို လိုက်သေးတယ်ဆို...!'

'ဟုတ်တယ်၊ အဲဒါကြောင့် စုဟန် ပိုကြောက်တာပေါ့'

စကားပြန်ပြောတဲ့ စုဟန်ရဲ့လေသံက ကန့်ကလန့်နိုင်နေတယ်။ တစ်ခုခုကို မြှုပ်ထားယ်ပြီး တစ်ခုခုကို စိန်ခေါ်နေတဲ့ ပုံစံမျိုးဖြစ်နေတယ်။

mgyoe.com

mgyoe.com

'ဒီကိစ္စတွေ ပြေလည်သွားအောင် စုဟန်ကို အကောင်းဆုံးအကြံပေးမယ် စုဟန် လက်ခံမလား!'

'ဘာအကြံလဲဟင်'

ကျော်စွာဦးက ပြန်မဖြေသေးဘဲ ကားကို စုဟန်တို့အိမ်ရှိတဲ့ဘက်ကို မကွေ့ဘဲ တခြားဘက်ကို ကွေ့လိုက်တယ်။

'ဆရာ...!!'

စုဟန်ခေါ်တဲ့ဆရာက လမ်းမှားနေပြီလို့ဆိုတဲ့ အဓိပ္ပာယ်ထက် နည်းနည်း ပိုတာ သေချာပါတယ်။

'ရွှေပုဇွန်မှာ အအေးသောက်ရင်းနဲ့ ကိုယ် စုဟန်လေးကို စကားပြောချင်လို့ကွာ...'

■

mgyoe.com

mgyoe.com


## အခန်း (၄)

ရက်လည်ဆွမ်းလှူတဲ့နေ့မှာ သာစုခေါ်ခွင့်ရတဲ့နတ်တွေ တော်တော်လေးကို များပါတယ်။ ကိုရွှေသာကြီးနဲ့ သူတို့အိမ်စောင့်နတ်၊ ခြံစောင့်နတ်တွေလည်းပါတယ်။ တခြားနတ်တွေကိုတော့ ကျွန်တော် မသိပါဘူး၊ ကိုရွှေသာကြီးကိုမေးတော့ ကျွန်တော်တို့လိုပဲ သစ်ပင်တွေမှာစောင့်ရတဲ့ နတ်တွေလို့ပြောပါတယ်။

ဆရာတော်တုရားက သေခြင်းတရားရဲ့မြန်ဆန်ပုံ၊ ကုသိုလ်နဲ့ အကုသိုလ်တွေဟာ လူတစ်ယောက်ကို လူ့ဘဝမှာရော အခြားဘဝတွေမှာရော ကောင်းလျှင်ကောင်းကျိုးအလိုက် ဆိုးလျှင်ဆိုးကျိုးအလိုက် ပေးတတ်ကြောင်းကို ဟောပါတယ်။

လူတွေတော့မသိဘူး၊ ကျွန်တော်တို့ကတော့ လက်တွေ့ခံစားနေရတဲ့ လူတွေမို့ ဆရာတော်ကြီးရဲ့တရားကို ကောင်းကောင်းကြီး ခံစားနားလည်လို့ရပါတယ်။

mgyoe.com

mgyoe.com


တရားဟောပြီးတော့ ဆရာတော်ဘုရားအမှူးပြုတဲ့ သံဃာလေးပါးက ပရိတ်ကြီးဆယ့်တစ်သုတ်ကို ရွတ်တော့ အာရုံတက်မှာ ကျွန်တော်တို့ကိုယ်ပေါ်ကို ရေလောင်းချထားပေးသလို အေးမြနေတာပဲ။ ကျွန်တော်တို့မှာရှိတဲ့ စူးစိုက်အာရုံစိတ်ဟာ လန်းဆန်းနေပါတယ်။ မေတ္တာသုတ်ဟာ ကျွန်တော်တို့အတွက် အလေးအနက်ဆုံးပါပဲ။

ပရိတ်ရွတ်ပြီးလို့ အမျှပေးတော့ သာဓု...သာဓု...သာဓုဆိုတဲ့ သာဓုခေါ်သံကြီးဟာ ကျွန်တော်တို့နတ်တွေဆီမှာ ဟိန်းဟိန်းကို ထနေတာပဲ။

လူတွေကတော့ အယောက်နှစ်ဆယ်လောက်ပဲ သာဓုခေါ်နေကျအတိုင်း ခေါ်ပါတယ်။

လူတွေဟာ ဆရာတော်ဘုရားရဲ့ သာဓုခေါ်ခြင်းအားဖြင့် လက်တွေ့မှာ ဘာမှမထူးခြားတော့ သာဓု ဝတ်ကျေတန်းကျေပဲ ခေါ်ကြတာပါ။

ကျွန်တော်တို့နတ်တွေမှာတော့ သာဓုခေါ်ခွင့်ရဖို့ဆိုတာ သိပ်ကိုခက်တယ်။ အချို့နတ်တွေဆို နှစ်တစ်ထောင်ကျော်သည်အထိ သာဓုခေါ်ခွင့်မရကြဘူးလို့ ကိုရွှေသာကြီးက ပြောတယ်။

သာဓု သုံးခါလည်းခေါ်ပြီးသွားရော ကျွန်တော့်ရှေ့က နတ်တစ်ပါးဆို လွင့်ခနဲပျောက်သွားတယ်။ နောက်တစ်ပါး၊ နောက်တစ်ပါး...အများကြီးပဲ။

ကိုရွှေသာကြီးက 'အဲဒါ မင်းရဲ့အမျှနဲ့ သာဓုခေါ်ခွင့်ရလို့ အထက်နတ်ဘုံကို တစ်ခါတည်း ရောက်သွားတာ...'လို့ ပြောတယ်။

ကျွန်တော် လူ့ဘဝကနေခဲ့တဲ့ အိမ်နဲ့ခြံကိုစောင့်တဲ့ အိမ်စောင့်နတ်၊ ခြံစောင့်နတ်တွေလည်း ရွှေဝါရောင်အိနေတဲ့ ဝတ်စုံတွေလည်းရ၊ ပါဝါလည်း ရပြီး ရာထူးတိုးသွားတယ်။

ကိုရွှေသာကြီးက ခရမ်းရောင်ဝတ်စုံကိုရပြီး ကျွန်တော်ကတော့ အဖြူရောင်ဝတ်စုံကို ရပါတယ်။ ကျွန်တော့်ကို အကြောင်းပြုပြီး နတ်အပါးနှစ်ဆယ့်ရှစ်ယောက် လူ့ဘဝကို ရောက်မယ်လို့သိရပြီး အထက်ဘုံကို နတ်အပါးလေးဆယ်ရောက်တယ်ဆိုပဲ။

mgyoe.com

mgyoe.com


ကျွန်တော်က ဒါတွေကို သိလို့ပြောတာမဟုတ်ပါဘူး၊ ညောင်ပင်ကုန်းကို ပြန်ရောက်လာတော့ ဘိုးဘိုးကပြောလို့ သိရတာပါ။ အထက်ဘုံကိုရောက်သွားတဲ့ နတ်တွေဆင်းလာကြပြီး ကျွန်တော့်နဖူးကို သူတို့လက်မနဲ့ဖိပြီး တွန်းပါတယ်။ ကျေးဇူးတင်လို့ ပါဝါပေးတာလို့ ကိုရွှေသာကြီးက ပြောပါတယ်။ နတ်အပါး တော်တော်များများက ကျွန်တော့်ကို အဲဒီလိုပါဝါတွေပေးပြီးတော့ ကျွန်တော်ဟာ ကြီးချင်ရင် ညောင်ပင်လောက်ကြီးလို့ရပြီး သေးချင်ရင် ပုရွက်ဆိတ်တစ်ကောင်လောက် သေးလို့ရသွားတယ်။

တစ်မိုင်လောက်ဝေးတဲ့နေရာက ပြောတဲ့စကားကို ကျွန်တော်အာရုံစိုက်လိုက်ရင် ပီပီသသကြီးကို ကြားရတယ်။

'နတ်ငယ်လေး... တို့ဟာ လူတွေနဲ့အတူ မှီတင်းနေထိုင်ကြရတဲ့ ဘုံတစ်ခုဖြစ်တယ်၊ လူတွေရဲ့ ကုသိုလ်ရေးရာ၊ အကုသိုလ်ရေးရာဟာ တို့ရဲ့ အပြောင်းအလဲနဲ့ တိုက်ရိုက်ပတ်သက်နေတယ်'

'ဟုတ်ကဲ့ပါ... ဘိုးဘိုး'

'အဲဒီတော့ တို့မှာရှိတဲ့ပါဝါတွေဟာ လူတွေကို ခြောက်ဖို့လှန့်ဖို့မဟုတ်ဘဲနဲ့ ကူညီဖို့ပဲဖြစ်ရမယ်ဆိုတာကို နတ်ငယ် နားလည်ထားရမယ်'

'ဟုတ်ကဲ့ စိတ်ချပါ ဘိုးဘိုး၊ ဘိုးဘိုးဆုံးမတဲ့အတိုင်း ဖြစ်စေရမယ်လို့ အာမခံပါတယ်'

'ကဲ... ဒါဆိုရင် ဘိုးဘိုးလည်း တရားထိုင်သွားဦးမယ်၊ ကဲ... အစ္ဆူ နတ်ငယ်ကို ဘုံနေရာချထားရေးဌာနရယ်၊ ဝိညာဉ်မှတ်ပုံတင်ဖို့ရယ် လိုက်လုပ်ပေးလိုက် ကြားလား!'

'စိတ်ချပါ ဘိုးဘိုး'

'ဟုတ်ကဲ့ စိတ်ချပါဘိုးဘိုး'

ကိုရွှေသာကြီး စကားဆုံးသည်နှင့် ဘိုးဘိုးက တစ်ခါတည်းပျောက်သွားသည်။

'ဘိုးဘိုးပြောတဲ့ဌာနတွေက ဘာဌာနတွေလဲဗျ၊ ဘာတွေလုပ်တာလဲ!'

mgyoe.com

mgyoe.com

'မင်းကို နတ်အဖြစ် စာရင်းသွင်းဖို့ပဲ...ဘာတွေ လုပ်တာလဲဆိုတာကို လည်း မင်း သိသွားလိမ့်မယ်၊ စကားမရှည်နဲ့ လာ ငါ့လက်ကိုကိုင်ပြီး လိုက်ခဲ့'

♦

mgyoe.com

mgyoe.com

ကျွန်တော် မျက်စိဖွင့်လိုက်တော့ နတ်တွေတော်တော်များများ သွားလာနေကြသော အဆောက်အဦးကြီးရှေ့ကို ရောက်နေတာတွေ့ရတယ်၊ အဆောက်အဦးရဲ့ ပြင်ပအရောင်က ရွှေရောင်ပါ၊ အတွင်းကိုရောက်တော့ အခန်းတွေ မြောက်များစွာနဲ့ နတ်တွေမြောက်များစွာကို တွေ့ရပြန်ရော၊ အဆောက်ဦးရဲ့ အတွင်းပိုင်းကိုတော့ ကနုကမာကောင် အတွင်းသားဖွေးသလို ဖွေးနေတဲ့ အဖြူရောင်ကို သုံးထားတယ်။

'မင်း ဒီနားမှာစောင့် နတ်ငယ်... ငါ ဘုံနေရာချထားရေးဌာနမှူး နတ်မင်းကြီးကို သွားရှာလိုက်ဦးမယ်'

'ဒီနေရာကပဲ စောင့်နေမယ်လေ'

ကိုရွှေသာက လက်တစ်ဖက် အပေါ်သို့မြှောက်ပြီး တစ်ခုခုကို စမ်းသလို၊ ဆွဲသလိုလုပ်ပြီး လက်ကို အောက်ဆွဲချလိုက်တော့... ကိုရွှေသာ့လက်ထဲမှာ ကုလားထိုင်တစ်လုံးပါလာတာကို တွေ့ရတယ်ခင်ဗျ။

'ဒီခုံမှာ ထိုင်စောင့်ပေါ့ကွာ ဟုတ်လား!'

ကျွန်တော်လည်း တအံ့တသြနဲ့ပဲ ကိုရွှေသာကြီးချပေးတဲ့ ခုံမှာထိုင်ရင်း

mgyoe.com

mgyoe.com


အပြန်ကျမှ ဒီခုံကို ဘယ်လို ယူလိုက်တာလဲဆိုတာကို မေးရမည်ဟု မှတ်ထား လိုက်ပါတယ်။

ကျွန်တော် ခုံပေါ်မှာထိုင်ရင်း ဝင်လိုက်ထွက်လိုက်၊ ဟိုသွားလိုက် ဒီလာလိုက်လုပ်နေတဲ့ နတ်တွေကို ငေးနေမိတယ်၊ တချို့နတ်တွေက ကိုယ်ရောင်ကိုယ်ဝါ တောက်ပပေမယ့် တချို့က မှိန်တယ်။ ဘာဖြစ်လို့ အဲဒီလိုဖြစ်နေတာလဲဆိုတာတော့ မနေ့က ကျွန်တော့်ကို ရက်လည်ဆွမ်းအသွတ်မှာ ပြောင်းလဲသွားတဲ့ နတ်တွေကို ကြည့်ရင်းနဲ့ ကုသိုလ်၊ အကုသိုလ်အလိုက် ကိုယ်ရောင်ကိုယ်ဝါ ရှိတယ်ဆိုတာကို ကျွန်တော် ရိပ်မိပါတယ်။

ကျွန်တော် အဲဒီလိုတွေးနေတုန်းမှာပဲ 'ဖြုန်း'ဆို ကျွန်တော့်အနားကို နတ်မကလေးတစ်ယောက် ရောက်လာတယ်။ သူ့ကိုကြည့်ရတာ မောပြီး ပင်ပန်းနေသလိုပဲ။

'နင်က ခုံတွေဘာတွေ ရတယ်ဆိုတော့ တယ်ဟုတ်ပါလား!'

'ဟဲ့ ဒီမှာ ခုံရတယ်ဆိုတာ ပါဝါရှိမှရတာဟဲ့'

'သြော်… ဒါဆို ကိုရွှေသာကြီးက ပါဝါရှိတာပေါ့'

'ကိုရွှေသာကြီးဆိုတာ ဘယ်သူလဲ!'

'ညောင်ပင်စောင့်နတ်ဟာ၊ အပြင်တန်းက ရွာတော်ရှင် ဘိုးဘိုးကြီးရှိတဲ့ ညောင်ပင် မဟုတ်ဘူးနော်၊ ရွာလည်လမ်းက ညောင်ပင်ကိုပြောတာ'

'ဒါဆို နင်က ဘုံရှိပြီပေါ့'

'ဘယ်က ရှိရဦးမှာလဲ! အဲဒီညောင်ပင်ခြေရင်းမှာ ဘဝဇာတ်သိမ်းလို့ အဲဒီညောင်ပင်မှာပဲ ကပ်နေရတာ၊ ဒီနေ့မှ ဘုံရဖို့ ဒီကိုရောက်တာ'

'နင် သပိတ်သွပ် အမျှဝေပြီးပြီလား!'

'မနေ့ကမှ ပြီးတာ…'

'ငါက သုံးလလောက်ရှိနေပြီဟာ၊ အခုထိ ဘုံမရသေးဘူး၊ ထိန်ပင်တစ်ပင်မှာ ကပ်နေရတယ်၊ အဲဒီထိန်ပင်မှာ ကပ်နေတာ အားလုံး နတ်ငါးပါး ရှိတယ်ဟာ၊ ထိန်ပင်အပိုင်စားရတဲ့ နတ်မကြီးက သိပ်အပေါက်ကြမ်းတာ၊

mgyoe.com